www.dhammaransi.com

www.dhammaransi.com



www.dhammaransi.com



၂၇၆၂၈

www.dhammaransi.com

သမိုင်းဝင်

# မိုးပြမွေတော်ဇာတ်စစ်

## ဘုရားသမိုင်း

၁၃၆၀–ခုနှစ်၊ တပို့တွဲလပြည့်

www.dhammaransi.com

# မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၁။ အမှာစာ (က)

၂။ နိဒါန်း (ဂ)

**အခန်း(၁)**

၃။ သီရိဓမ္မာသောကမင်းကြီးစတင်တည်ထောင်တော်မူခန်း ၁

၄။ တတိယသင်္ဂါယနာတင်တော်မူခြင်း ၁

၅။ ကမ္ဘာအရပ်ရပ်သို့သာသနာပြုစေလွှတ်တော်မူခြင်း ၂

၆။ မိုးဗြဲမွေတော်ဓာတ်စစ်ဘုရားတည်ထားတော်မူခြင်း ၃

**အခန်း(၂)**

၇။ ပုဂံခေတ်အလောင်းစည်သူမင်းတည်တော်မူခြင်း ၅

၈။ ပုဂံခေတ်ဗုဒ္ဓသာသနာတော်အခြေအနေ ၅

၉။ အလောင်းစည်သူမင်းတိုင်းခန်းလှည့်လည်၍သာသနာ ပြုတော်မူခြင်း ၆

၁၀။ ကမ္ဘောဇတိုင်း ရမ္မဝတီပြည်သို့လှည့်လည်၍ သာသနာတော်အကျိုး ဆောင်ရွက်တော်မူခြင်း ၇

၁၁။ မွေတော်ဓာတ်ပေါင်းဘုရားရှိခိုးစာ ၈

၁၂။ မိုးဗြဲသို့အလောင်းစည်သူမင်းဆိုက်ရောက်တော်မူခြင်း ၁၀

၁၃။ မိုးဗြဲမွေတော်ဓာက်စစ်ဘုရားတည်ထားတော်မူခြင်း ၁၁

**အခန်း(၃)**

၁၄။ ကုန်းဘောင်ခေတ်ပဒုံမင်း(ခေါ်)ဘိုးတော်ဘုရား တည်ထားတော်မူခန်း ၁၅

၁၅။ ကုန်းဘောင်ခေတ်မြန်မာနိုင်ငံ၏ ဗုဒ္ဓသာသနာတော်၏ အခြေအနေ ၁၅

www.dhammaransi.com


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၆။ | ပဒုံမင်းနှင့် ကုန်းဘောင်ခေတ်ဗုဒ္ဓသာသနာ | ၁၆ |
| ၁၇။ | ပဒေါင်လူမျိုးစုကိုစိတ်ဝင်စားသောပဒုံမင်းသား | ၁၇ |
| ၁၈။ | မိုးဗြဲမွေတော်ဘုရားကိုပြုပြင်တည်ထားတော်မူခြင်း | ၁၉ |
| ၁၉။ | စေတီတော်၏ပုံသဏ္ဌာန်နှင့်အရွယ်ပမာဏ | ၂၂ |
| ၂၀။ | ဘုရားတည်ထားခဲ့သောမင်းများ၊ ခုနှစ်သက္ကရာဇ်နှင့် စေတီတော်၏ဉာဏ်တော်အမြင့်များ | ၂၄ |
| | **အခန်း(၄)** | |
| ၂၁။ | ဒေသခံပုဂ္ဂိုလ်များတည်ဆောက်ပြုပြင်ထိန်းသိမ်း စောင့်ရှောက်ခန်း | ၂၆ |
| ၂၂။ | ကိုလိုနီခေတ်ကာလအခြေအနေ | ၂၆ |
| ၂၃။ | လွတ်လပ်ရေးရပြီးခေတ်အခြေအနေ | ၂၇ |
| | **အခန်း(၅)** | |
| ၂၄။ | မိုးဗြဲမွေတော်ဓာတ်စစ်ဘုရားကြီး၏ထူးခြားချက်များ | ၂၉ |
| ၂၅။ | ကျမ်းကိုးစာရင်းများ | ၃၅ |
| | **နှစ်စဉ်ကျင်းပလာခဲ့သောမိုးဗြဲမွေတော်ဓာတ်စစ်ဘုရား၏ ဗုဒ္ဓပူဇနိယပွဲတော်ဖြစ်စဉ်သမိုင်းမှတ်တမ်း** | |
| ၂၆။ | နိဒါန်း | ၃၇ |
| ၂၇။ | မိုးဗြဲမွေတော်ဘုရားပွဲတော်ကျင်းပပုံ | ၃၈ |
| | **အပိုင်း(က)** | |
| ၂၈။ | ဘုရားပွဲတော်ကို ခေတ်အလိုက်ဦးဆောင်ကျင်းပလာခဲ့သည့် လူတန်းစားအဖွဲ့အစည်းများနှင့်ပွဲတော်၏သွင်ပြင် လက္ခဏာများ | ၃၉ |
| | (၁) ပဒေသရာဇ်ရှမ်းစော်ဘွားများဦးဆောင်ကျင်းပလာခဲ့ သည့်အပိုင်း။ | ၃၉ |

www.dhammaransi.com

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


(၂) နယ်မြေခံပဒေါင်(ကယန်း)လူကြီးများဦးဆောင် ကျင်းပလာခဲ့သည့်အပိုင်း ၃၉

(၃) ဘုရားဂေါပကအဖွဲ့ဦးဆောင်ကျင်းပလာခဲ့သည့် အပိုင်း ၄၀

အပိုင်း(ခ)

၂၉။ ဘုရားပွဲတော်ကိုစီစဉ်ခင်းကျင်းဆောင်ရွက်လာပုံများ ၄၈

၃၀။ ဘုရားပွဲတော်ကျင်းပပြုလုပ်သည့်အခါသမယ ၄၈

၃၁။ ဘုရားပွဲတော်ကျင်းပပြုလုပ်သည့်နေရာ ၄၉

၃၂။ ပွဲတော်အတွင်းရှိအဆောက်အဦးများ၏အခြေအနေ ၅၀

(က) ဓာတ်စင်နှင့်ဓာတ်ရုံများ ၅၀

(ခ) တော်မော့(ခေါ်)ယာယီပွဲကြည့်စံဟဲများ ၅၁

(ဂ) ဆွမ်းတော်ရုံများ ၅၂

(ဃ) ပွဲထိန်းနတ်စင်(နတ်ကွန်း) ၅၂

(င) ပွဲဈေးဆိုင်ခန်းများ ၅၃

(စ) အခြားအဆောက်အဦးများ ၅၄

၃၃။ ပွဲတော်အတွက်ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ၅၄

၃၄။ ပွဲထိန်းနတ်ပင့်ဆောင်ခြင်းလုပ်ငန်း ၅၅

၃၅။ နယ်ရှင်အကြီးအကဲများပွဲဝင်သည့်အခမ်းအနား ၅၆

၃၆။ ဘုရားဆွမ်းတော်ကပ်လှူပူဇော်ခြင်းလုပ်ငန်း ၅၇

၃၇။ သံဃာတော်များအားဆွမ်းဆန်စိမ်းလောင်းလှူခြင်းလုပ်ငန်း ၅၈

၃၈။ နိဂုံး ၅၉

# အမှာစာ

မိုးဗြဲမွေတော်ဓာတ်စစ်ဘုရားသည် ရှမ်းပြည်တောင်ပိုင်းတွင် ရှေးဟောင်း သမိုင်းဝင်သည့် တန်ခိုးကြီးဘုရား ဖြစ်သည်ဟုအများ ပြည်သူကသိရှိကြသည်။

သို့ရာတွင်ထိုဘုရားနှင့် သက်ဆိုင်သည့် ***ဘုရားသမိုင်း*** ဟူ၍ထင်ထင်ရှားရှားမတွေ့ရှိရသေးပါ။ ရှေးယခင်က ထိုဘုရားသမိုင်းနှင့်ပတ်သက်သော မှတ်တမ်းပေစာများ၊ ပရပိုက်များရှိခဲ့သော်လည်း ဒုတိယ ကမ္ဘာစစ်ကာလနှင့် လွတ်လပ်ရေးရပြီးစ ပြည်တွင်း မငြိမ်မသက်ဖြစ်နေသော ကာလများ၌ စစ်ဘေး စစ်ဒဏ်ကြောင့်ပျောက်ပျက်သွားခဲ့ရကြောင်း၊ ဒေသခံ လူကြီးသူမတို့ ပြောပြချက်များအရ သိရှိရသည်။ ကုန်းဘောင်ခေတ် ဘိုးတော်ဘုရား လက်ထက်တွင် ယင်းဘုရား၏ သမိုင်းကြောင်းအချို့ကို ကျောက်ထက် အက္ခရာဖြင့် မှတ်တမ်းတင်ထားကြောင်း သိရသော်လည်း ယင်းကျောက်စာများကိုယနေ့ထက်တိုင်မတွေ့ရှိရသေးပါ။

ထို့ကြောင့် မိုးဗြဲမွေတော်ဘုရားသည် ရှေးဟောင်းသမိုင်းဝင် ဘုရားဖြစ်သည့်အတိုင်း သမိုင်းဝင်ခဲ့သည့်ဖြစ်ရပ် အထောက်အထားများနှင့်ညီညွတ်သော * **ဘုရားသမိုင်း** * တစ်ရပ်ရှိသင့်ပြီဟု မိုးဗြဲမွေတော်ဓာတ်စစ်ဘုရား ဂေါပကအဖွဲ့မှယူဆပြီး ယင်းသမိုင်းထွက်ပေါ်လာရန် ဘုရားဂေါပကအဖွဲ့တွင်များစွာတာဝန်ရှိနေပေသည်။

သို့အတွက်ကြောင့် ဘုရားဂေါပကအဖွဲ့၏ အာသီတနှင့်လုပ်ဆောင်ရမည့်လုပ်ငန်းတာဝန်များကို ဖြည့်စွက်အကောင်အထည်ဖော်ရန်ဆန္ဒလည်းရှိ၊ တာဝန်လည်းရှိသူဖြစ်သော ဘုရားဂေါပကအဖွဲ့ဝင်တစ်ဦးဖြစ်သည့် စာရေးသူသည် ဤ ***ဘုရားသမိုင်း*** ကို တတ်သရွေ့ မှတ်သရွေ့ စုဆောင်းရှာဖွေ ရေးသားလိုက်ရပါသည်။

ဤဘုရားသမိုင်း ရေးသားရာတွင် သမိုင်းရေးသားသူတို့၏ အစဉ်အလာနှင့်နည်းစနစ်အတိုင်းမိမိလေ့လာရှာဖွေမှတ်သားခဲ့ရသော

www.dhammaransi.com

သမိုင်းဆိုင်ရာ ကျောက်စာပေစာများ၊ ပရပိုက်များ၊ စာပေကျမ်းကြီး ကျမ်းငယ်များ၊ အခြားဗဟုသုတဖြစ်ဖွယ်ရာ စာစောင်၊ မဂ္ဂဇင်းများ နှင့် ရှေ့မှီနောက်မှီ လူကြီးသူမတို့၏ အဆိုအမိန့်များကိုအခြေခံပြီး၊ မိမိ၏အသိဉာဏ်အယူအဆတို့နှင့်ပေါင်းစပ်ရေးသားပြုစုထားကြောင်း ဝန်ခံပါသည်။

ထို့အပြင် သမိုင်းဖန်တီးခဲ့သော ပုဂ္ဂိုလ်များ၏ ခေတ်ကာလ အခြေအနေနှင့် ထိုခေတ်ကာလ၌ တည်ရှိနေသောသာသနာတော်၏ အနေအထားတို့ကိုနောက်ကြောင်းခံပြီး ယင်းသာသနာတော်အတွက် သမိုင်းဖန်တီးသူတို့၏ ဆောင်ရွက်ချက်များကို အတတ်နိုင်ဆုံးကွင်း ဆက်ပြီးကြိုးစားပြုစုထားပါသည်။

သို့ရာတွင်စာရေးသူသည် သမိုင်းဆရာမဟုတ်သည့်အားလျော်စွာသမိုင်းဆိုင်ရာအထောက်အထားများကို အချိန်ယူ၍စနစ်တကျလေ့ လာစုဆောင်းခဲ့ရသော အခြေအနေမျိုး မရှိခဲ့သည်သာမကစာပေကို ရေးလေ့ရေးထမရှိသည့်ပြင် မြန်မာစာပေနှင့် မြန်မာဘာသာစကား ကို တတ်သိကျွမ်းကျင်မှု မရှိသဖြင့်လည်း သမိုင်းပြုစု ရေးသားရာ၌ သမိုင်း၏အင်္ဂါရပ်များနှင့် မညီညွတ်သောပျော့ကွက်ဟာကွက်များ စွာရှိနေမည်သာဖြစ်သည်။

စာရေးသူ၏ဉာဏ်မှီသရွေ့သော၌သမိုင်းမှတ်တမ်းအကျဉ်း ကိုအခြေပြုပြီး ရင့်ကျက်သည့်စာရေးဆရာပုဂ္ဂိုလ်များနှင့် သမိုင်း နံ့စပ်ကျွမ်းကျင်သော ပုဂ္ဂိုလ်များတို့မှဖြည့်စွက်ပြုစုလာကြပါလျှင်၊ မိုးဗြဲမွေတော်ဓာတ်စစ်ဘုရားအတွက် ပိုမိုပြီးပြည့်စုံမည့် သမိုင်းတစ် ရပ်ပေါ်ပေါက်လာမည်ဟု မျှော်လင့်ပါသည် ။

ဦးကျော်ခံ
ဘုရားဂေါပကအဖွဲ့ဝင်
မိုးဗြဲမြို့။

ကောဇာသက္ကရာဇ် — ၁၃၅၄ ခုနှစ်၊ တပေါင်းလ

www.dhammaransi.com


# မိုးဗြဲမွေ့တော်ဓာတ်စစ်စေတီတော်ဘုရားကြီးသမိုင်း

## နိဒါန်း

၁။ အိန္ဒိယတိုင်း ပါဋလိပုတ်ပြည်တွင် အာသောက (ခေါ်) သီရိဓမ္မာသောကမင်းကြီးစိုးစံသောကာလ ခရစ်မပေါ်မီ(ဘီစီ-၂၅၃) ခုနှစ်၌ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်သည် ပိဋကတ်သုံးပုံကိုဆောင်ကုန်သော တစ်ထောင်သောရဟန္တာတို့ကိုဦးဆောင်၍ တတိယသင်္ဂါယနာ တင်တော်မူပြီးနောက် သာသနာတော်သက္ကရာဇ် (၂၃၅) ခုနှစ်၌ သီရိဓမ္မာသောကမင်းကြီး၏ အထောက်အပံ့ အကူအညီဖြင့် ကိုးတိုင်းကိုးဌာနသို့ သာသနာပြုရဟန်းတော်များစေလွှတ်တော်မူခဲ့ရာ အရှင် ဥတ္တရထေရ်နှင့် အရှင် သောဏထေရ် တို့သည် သုဝဏ္ဏဘုမ္မိ (ခေါ်) သထုံပြည်သို့ရောက်ရှိလာတော်မူသည့် အချိန်မှစ၍မြန်မာနိုင်ငံသို့ ဗုဒ္ဓဘာသာ သာသနာတော်စတင်ထွန်းကားလာခဲ့ပေသည်။

၂။ ထို့နောက်မြန်မာသက္ကရာဇ် (၃၇၉) ခုနှစ်၌ ပုဂံရာမ (ခေါ်) ပုဂံပြည်ကို ထီးနန်းသိမ်းမြန်းစိုးစံတော်မူသော အနော်ရထာမင်းစောလက်ထက်တွင် အရှင်အရဟံ၏အကူအညီဖြင့် သုဓမ္မဝတီမည်သော သထုံပြည်မှ ပိဋကတ်တော်များကို ပင့်ဆောင်ပြီး သာသနာတော်ကို ချီးမြှောက်ခဲ့ရာမှ မြန်မာနိုင်ငံတော်၌ ပုဂံခေတ်တွင် ဗုဒ္ဓသာသနာတော်အထူးစည်ပင်တိုးတက်လာခဲ့လေသည်။

၃။ ထိုအနော်ရထာမင်းစော လက်ထက်မှစ၍ ရှမ်းပြည်အတွင်းရှိ ပဒေသရာဇ်နယ်ပယ်အသီးသီးမှအုပ်စိုးနေကြသော နယ်ရှင်စော်ဘွားများသည်မြန်မာဘုရင်များနှင့် ဆက်ဆံမှုများရှိခဲ့ကြောင်းကို သမိုင်းအထောက်အထားများအရ သိရှိရပါသည်။

ရှမ်းပြည်ရှိ ပဒေသရာဇ်နယ်ပယ် အသီးသီး၌ မိုတင်းနေထိုင်

www.dhammaransi.com

လာခဲ့ကြသည့် မူရင်း ရှမ်းတိုင်းရင်းသားများသည် ဘိုးစဉ်ဘောင် ဆက်ကတည်းကပင် ဗုဒ္ဓဘာသာကို အစဉ်တစိုက် ဆည်းကပ်ကိုး ကွယ်လာခဲ့ကြသည်ကို ထောက်ရှုလျှင် ဗုဒ္ဓသာသနာတော်ထွန်းကား ခဲ့သော ပုဂံခေတ် ကာလကပင် ရှမ်းပြည်နယ်ဘက်သို့လည်း ဗုဒ္ဓ ယဉ်ကျေးမှုပြန့်ပွားလာခဲ့သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာကို အမြတ်တနိုးဆည်းကပ် ကိုးကွယ် လာခဲ့ကြသော ရှမ်းတိုင်းရင်းသားလူမျိုးစုတို့နှင့် နီးစပ်စွာဆက်နွယ် နေထိုင်လာခဲ့ကြသည့် ရှမ်းပြည်ရှိ အခြားတိုင်းရင်းသားလူမျိုးစုများ သည်လည်း ဗုဒ္ဓယဉ်ကျေးမှုနှင့် အထိုက်အလျောက် နီးစပ်လာခဲ့ကြ မည်မှာ သံသယရှိစရာမလိုတော့ပေ။

၄။ ရှမ်းပြည်နယ်ရှိ တိုင်းရင်းသား လူမျိုးစုများအနက် ပအိုဝ်း (ခေါ်) ကယန်းတိုင်းရင်းသား လူမျိုးစုသည် တစ်မျိုးအပါအဝင်ဖြစ် သည်။ ထိုလူမျိုးစုတို့၏ မူရင်းဒေသသည် ရှမ်းပြည်တောင်ပိုင်း မိုးဗြဲနယ် (ယခုဖယ်ခုံမြို့နယ်) တွင်ဖြစ်ပြီး ရှေးယခင်က မိရိုးဖလာ နတ်ဘာသာကို ကိုးကွယ် နေထိုင်လာခဲ့ကြသော လူမျိုးစုဖြစ်သည်။ ထိုလူမျိုးစုသည် လူမျိုးစုငယ်တစ်မျိုးသာဖြစ်ပြီး စီးပွားရေး၊ လူမှုရေး နှင့် ဘာသာယဉ်ကျေးမှုဘဝတွင် အတော်ပင်နောက်ကျန် နိမ့်ကျပြီး ခေတ်အဆက်ဆက်၌ ပဒေသရာဇ် ရှမ်းစော်ဘွားတို့၏ အုပ်စိုးမှု အောက်တွင် နေထိုင်လာခဲ့ကြသည်ဖြစ်ရာ ရှမ်းလူမျိုးတို့၏ ဓလေ့ စရိုက်၊ ဘာသာတရားနှင့် ရိုးရာ ယဉ်ကျေးမှုများသည် ထိုလူမျိုးစု အပေါ်တွင် အတော်ပင်လွှမ်းမိုးနေခဲ့သည်ကို တွေ့ရှိရသည်။

၅။ ခရစ်သက္ကရာဇ် ၁၉၀၀ ပြည့်နှစ် နောက်ပိုင်း (အထူးသဖြင့်) မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးသည့် နောက်ပိုင်းတွင် ပအိုဝ်း(ခေါ်) ကယန်းလူမျိုးစုတို့သည် ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာတို့ကို တစ်စတစ်စ ကူးပြောင်း ကိုးကွယ်လာခဲ့ကြသဖြင့် ယခုအချိန်အခါ

www.dhammaransi.com

တွင် မိရိုးဖလာနတ် ဘာသာကိုးကွယ်ကြသော ပုဂ္ဂိုလ်များ အနည်းအကျဉ်းသာကျန်ရှိပါတော့သည်။

၆။ ဗုဒ္ဓဘာသာကို ဆည်းကပ်ကိုးကွယ်နေကြသည့် ပအိုဝ်းလူမျိုးစုတို့၏ ဘာသာရေးဆည်းကပ်ကိုးကွယ်မှု၏ အကြောင်းခံတရားကို လေ့လာကြည့်လျှင် -

(က) အထက်၌ဖော်ပြခဲ့သည့် ရှမ်းလူမျိုးစု၏ နေထိုင်မှုဓလေ့စရိုက်နှင့် ယဉ်ကျေးမှုပတ်ဝန်းကျင်လွှမ်းမိုးလာခဲ့သည့် သမိုင်းစဉ်အခြေအနေ။

(ခ) လွတ်လပ်ရေးရပြီးနောက် နိုင်ငံတော် ဗုဒ္ဓသာသနာပြုအဖွဲ့မှ စေလွှတ်လာသည့် တောင်တန်း သာသနာပြုပုဂ္ဂိုလ်များတို့၏ စည်းရုံးစွမ်းဆောင်မှုအခြေအနေ။

(ဂ) မိုးဗြဲမွေတော်ဓာတ်စစ်ဘုရား တည်ထားကိုးကွယ်လာခဲ့သောရှေးသာသနာပြု ပုဂ္ဂိုလ်ထူးတို့၏ သာသနာတော်မျိုးစေ့ချထား ပျိုးထောင်ခဲ့မှုအခြေအနေ - ဟူ၍ အခြေအနေ အကြောင်းခံတရား(၃)ရပ်ကို အထင်အရှားတွေ့ရှိ ရပါသည်။

ယင်းအကြောင်းခံ တရားများအနက် မိုးဗြဲမွေတော်ဓာတ်စစ်ဘုရားသည် ဗုဒ္ဓဘာသာကို ဆည်းကပ် ကိုးကွယ်လာခဲ့ကြရသည့် ပအိုဝ်လူမျိုးစုတို့၏ အဓိကအခြေခံအကျဆုံးဖြစ်သော အကြောင်းခံတရားပင်ဖြစ်ပေသည်။

၇။ ထို့ကြောင့် ယင်းအဓိက အကြောင်းခံတရားဖြစ်သည့် မိုးဗြဲမွေတော်ဓာတ်စစ်ဘုရားသည် ပအိုဝ်လူမျိုးစုတို့နှင့် မည်သို့ကြောင်းကျိုးဆက်နွယ်ပြီး မည်သည့်အခြေအနေ အချက်အလက်များကြောင့် သမိုင်းဝင်ဖြစ်ခဲ့ရသည်ကို သိရှိမှတ်သားနိုင်ကြစေရန်ရည်သန်၍ ဤ * **မိုးဗြဲမွေတော်ဓာတ်စစ်စေတီတော်ဘုရားသမိုင်း** * ကိုလက်လှမ်း

www.dhammaransi.com



မှီသရွေ့ စုဆောင်းရှာဖွေပြုစု မှတ်တမ်းဝင်လိုက်ရပါသည်။

* **သမိုင်းဝင်ဘုရား** * ဟူသော ဝေါဟာရနှင့် ပတ်သက်၍ စာရေးသူ၏အမြင်မှာရှေးလွန်လေပြီးသောနှစ်ပေါင်း များစွာက သမိုင်းတွင် ထင်ရှားသည့်ပုဂ္ဂိုလ်တို့၏ သမိုင်းတွင်ရစ်အောင် တည်ထားကိုးကွယ်ခဲ့သည့် သာသနာရေး ဆောင်ရွက်ချက်ကို အထောက်အထား ဖော်ထုတ်ပြသနိုင်သောဘုရားဖြစ်သည်ဟု အဓိပ္ပါယ်ကောက်ပါသည်။

ထို့ကြောင့် သမိုင်းဝင်ဘုရားတိုင်းသည် ရှေးဟောင်းလက်ရာများဖြင့် တည်ဆောက် ထားကြသော်လည်း ရှေးဟောင်း လက်ရာများဖြင့် တည်ဆောက် ထားတိုင်း သမိုင်းဝင်ဘုရား မဟုတ်ကြကြောင်းကို သတိပြုကြစေလိုပါသည်။

www.dhammaransi.com


# ရွှေဟောင်းသမိုင်းဝင်မိုးပြမွေတော်ဓာတ်တော်စေတီတော် ဘုရားသမိုင်း

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## အခန်း(၁)

## သီရိဓမ္မာသောကမင်းကြီးစတင်တည်ထားတော်မူခန်း

### တတိယသင်္ဂါယနာတင်တော်မူခြင်း

ဂေါတမဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူပြီးသည့်နောက်သာသနာတော်သက္ကရာဇ် (၂၁၈)ခုနှစ်တွင်ပါဋလိပုတ်ပြည်ကြီးကိုသိမ်းမြန်း၍ ဇမ္ဗူဒိပ်မင်းဧကရာဇ်အဖြစ်ရာဇဘိသေကခံယူတော်မူခဲ့သောအာသောက(ခေါ်)သီရိဓမ္မာသောကမင်းကြီးသည် တစ်ရာ့တစ်ပါးသောမင်းတို့ကိုအုပ်စိုးလျက်မြတ်ဗုဒ္ဓ၏ သာသနာတော်ကိုထူးကဲစွာချီးမြှောက်ပြီးသမိုင်းတွင်ရစ်အောင်စွမ်းဆောင်တော်မူသော မင်းမြတ်ရာဇာတစ်ပါးဖြစ်ပါသည်။

ထိုသီရိဓမ္မာသောကမင်းကြီးလက်ထက် သါသနာသက္ကရာဇ် (၂၃၅ ) ခု၌ ရဟန္တာ အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်ကြီးမှ အမှူးပြု၍ပိဋကတ်သုံးပုံကိုဆောင်ကုန်သော ပဋိသမ္ဘိဒါပတ္တတေဝိဇ္ဇ ဖြစ်ကြသောရဟန္တာများနှင့် အရှံသံဃာတော်များတို့က ပါဋလိပုတ်ပြည် အာသောကာရာမကျောင်းတော်တွင် ထိုနှစ်နယုန်လမှ တပို့တွဲလအထိ ( ၉ ) လတိုင်တိုင် တတိယသင်္ဂါယနာတင်ပွဲသဘင်ကို ဆင်ယင်ကျင်းပပြီးသာသနာတော်ကိုသန့်စင်တော်မူခဲ့ကြလေသည်။

### ကမ္ဘာအရပ်ရပ်သို့သာသနာပြုစေလွှတ်တော်မူခြင်း

တတိယသင်္ဂါယနာတင်စဉ်မှာပင် သီရိဓမ္မာသောကမင်းကြီးသည် မိမိ၏အာဏာတော် မပြန့်နှံ့သည့် ကမ္ဘာအရပ်ရပ်သို့ ဗုဒ္ဓသာသနာတော် ထွန်းကား ပြန့်ပွားစေခြင်း အလို့ငှာ ရွှေသာသနာ

www.dhammaransi.com


တော်နှစ် (၁) တစ်ခုနှစ်က အရှင်မဟာကဿပထေရ်၏ လမ်းညွှန်မှုဖြင့် ရာဇဂြိုလ်ပြည်တွင် အဇာတသတ်မင်းကြီး ခဲယဉ်းစွာ ဌာပနာပြု မြုပ်နှံထားခဲ့သော မြတ်စွာဘုရား၏ ခုနစ်စရွတ်သော သရီရဓာတ်တော်မွေတော်များကို တူးယူ၍ကမ္ဘာအရပ်ရပ်သို့ ဖြန့်ရန် စီစဉ်တော်မူခဲ့ရာ ဘုရားရှင်၏ဓာတ်တော်များကိုတူး၍ကမ္ဘာအရပ်ရပ်သို့ဖြန့်ရန် စီစဉ်တော်မူခဲ့ရာ ဘုရားရှင်၏ ဓာတ်တော်များသည် ပစ္စန္တရာဇ်၌ နောင်ဖြစ်လတ္တံ့သော ဗုဒ္ဓဘာသာဝင် များအတွက် မင်းကြီး၏ပါရမီ နှင့် အဓိဋ္ဌာန်တော်၏ အစွမ်းကြောင့် ဖော်ထုတ်ရရှိခဲ့လေသည်။

( အဇာတသတ်မင်း ခဲယဉ်းစွာ မြုပ်နှံထားခဲ့သော မြတ်စွာဘုရား၏ သရီရ ဓာတ်တော်များကို သိရိဓမ္မာသောကမင်းကြီးက **ဘူတဝါဟနယန္တယား** အတတ်ကို တတ်မြောက်သော ယောကျာ်း တစ်ယောက်အား ဖျက်စေပြီး ထုတ်ဖော်ရယူကြောင်းလည်း သမိုင်းဆရာအချို့ကရေးလေသည်)။

မြတ်စွာဘုရား၏ဓာတ်တော်မွေတော်များကိုရရှိလာသောအခါ မင်းကြီးသည် မင်းဆရာ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်၏အကူအညီဖြင့် သာသနာတော် မပြန့်ပွား မထွန်းကားသေးသည့် ကမ္ဘာအရပ်ရပ်ရှိ ကိုးတိုင်း ကိုးဌာနသို့ ဓမ္မဒူတ (ခေါ်) သာသနာ့တမန်တော်များကို စေလွှတ်ကာ ဘုရားရှင်၏ ဓမ္မက္ခန္ဓာ ပေါင်းရှစ်သောင်းလေးထောင်ကို အမှတ်သင်္ကေတပြုသောအားဖြင့် ဆိုခဲ့သော ကမ္ဘာအရပ်ရပ်ရှိ တိုင်းနိုင်ငံအသီးသီးတွင် ကျောင်းတော်ပေါင်း ရှစ်သောင်းလေးထောင်၊ ရေတွင်း ရေကန်ပေါင်းရှစ်သောင်းလေးထောင် နှင့် စေတီတော်ပေါင်း ရှစ်သောင်းလေးထောင်တို့ကို တည်ထားပြီး ဓာတ်တော် မွေတော်များကို ဌာပနာစေခဲ့လေသည်။ သာသနာပြု ရဟန္တာမြတ်တို့၏ စွမ်းအားကြောင့်လည်း မင်းကြီး၏ ကောင်းမှုတော်များသည် တစ်နေ့တည်း တစ်ချိန်တည်း ပြီးမြောက်အောင်မြင်

www.dhammaransi.com


တော်မူခဲ့လေသည်။ (မင်းကြီး၏ တောင်းပန်ချက်အရ ကြီးစွာသော တန်ခိုးအာနုဘော်ရှိသည့် **ဣန္ဒဂုတ္တ** အမည်ရှိသော ရဟန္တာမြတ်၏ တန်ခိုးစွမ်းအားဖြင့်ပြီးစေကြောင်းလည်းသမိုင်းအချို့ကဆိုလေသည်။)

ထိုသို့ သာသနာပြု လုပ်ငန်းကို ဆောင်ရွက်တော်မူခဲ့ခြင်းကြောင့်လည်း ထိုခေတ် ထိုအခါကာလကပင် အရှင်ဉတ္တရထေရ်နှင့် အရှင်သောဏထေရ်တို့ အမှူးပြုသည့် ရဟန်းတော်အချို့က သုဝဏ္ဏဘူမိတိုင်းသို့ ကြွရောက်လာတော်မူသည်မှစ၍ မြန်မာနိုင်ငံတွင်းသို့ ဗုဒ္ဓသာသနာတော်စတင်ထွန်းကား ပြန့်ပွားလာခဲ့ခြင်းဖြစ်ပေသည်။

**မှတ်ချက်။**

(၁) သီရိဓမ္မာသောကမင်းကြီးက ကိုးသယ့်ခြောက်ကုဋေသော အသပြာငွေကို အမတ်တို့အား အပ်၍ ရှစ်သောင်းလေးထောင်သော စေတီတော်များကို တည်စေခဲ့ကြောင်း ရွှေကိုင်းသား၏ စစ်ကိုင်းတောင်ပတ္တမြား စေတီသမိုင်းစာတွင်ဆိုလေသည်။

(၂) ထိုသမိုင်းစာ၌ပင်စေတီတော်များတည်သောအခါ လကိုရာဟု ဖမ်းသောနေ့တွင် တပြိုင်တည်း တည်၍ လကိုရာဟုဖမ်းသောနေ့တွင်ပင်တပြိုင်နက်ပြီးကုန်၏။ (၃)နှစ်ကြာ၏။ လကိုရာဟု ဖမ်းသောနေ့ ဖမ်း၍လနတ်သားတွေဝေ မိန်းမောသောအခါ၌ တည်ထားပြီးစေအပ်သော စေတီတော်များဖြစ်၍ ထိုစေတီ ရှစ်သောင်းလေးထောင်သော စေတီတော်များကို **"မှဒ္ဒောစေတီတော်များ"** ဟု မှည့်ခေါ်ကြောင်းလည်း ဖော်ပြထားလေသည်။

## မိုးဗြဲမွေတော်ခါတ်စစ်စေတီတော်ဘုရားတည်ထားတော်မူခြင်း

သာသနာ့တာမန်တော်များ၏ စွမ်းဆောင်မှုဖြင့် တည်ထားတော်မူခဲ့သော သီရိဓမ္မာသောကမင်းကြီး၏ ရှစ်သောင်းလေးထောင်သောကောင်းမှုတော်များအနက် ကမ္ဘောဇတိုင်း ရမ္မဝတီပြည် (ခေါ်)

www.dhammaransi.com


ယခု ရှမ်းပြည်တောင်ပိုင်း ဖယ်ခုံမြို့နယ် (ယခင်မိုးဗြဲနယ်) မိုးဗြဲမြို့၌ ကိန်းဝပ်စပွါယ်တော်မူသော မွေတော်ဓာတ်စစ် စေတီတော်မြတ်သည် တစ်ဆူအပါအဝင်ဖြစ်ပေသည်။

ထိုမိုးဗြဲစေတီတော်ကို သီရိဓမ္မာသောကမင်းကြီးစတင် တည်ထားခဲ့စဉ်အခါက ဉာဏ်တော်အမြင့် (၉) မိုက်ရှိပြီး မြတ်စွာဘုရား၏ဓာတ်တော်မွေတော်အစစ်ကို ဌာပနာခဲ့ခြင်းဖြစ်၍ **မွေတော်ဓာတ်စစ်စေတီတော်** ဟုခေါ်ဝေါ်သမုတ်ခဲ့ခြင်းဖြစ်ပေသည်။

သီရိဓမ္မာသောကမင်းကြီးသည် ရှစ်သောင်း လေးထောင်သော ရေတွင်းရေကန်နှင့် စေတီတော်တို့ကို တစ်နေ့တည်း တစ်ချိန်တည်း တည်ထားစေခဲ့ခြင်းဖြစ်၍ မူလစေတီတော်၏ အရွယ်ပမာဏမှာ(၉) မိုက်သာ တည်ထားနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ကိုးတိုင်း ကိုးဌာနသို့ သာသနာ့တမန်များ စေလွှတ်တော်မူသည်ကို အမှတ် သင်္ကေတပြုသောအားဖြင့် (၉) မိုက်ဉာဏ်တော်ရှိသော စေတီတော်များကို တည်ထားကြောင်းလည်းဆိုကြသည်။

**မှတ်ချက်။ ။**

သုဝဏ္ဏဘူမိတိုင်းသို့ ရှင်တော်ဂေါတမမြတ်စွာဘုရား၊ ဘုရားဖြစ်တော်မူဦးစ (၄၉) ရက်အကြာတွင်တပုဿနှင့် ဘလ္လိကကုန်သည်ညီနောင်တို့သည် မြတ်စွာဘုရား၏ ဆံတော်ရှင်များ နှင့်တကွ ဥက္ကလာပပြည်ကို ရောက်လာခဲ့ကြောင်းနှင့် ဘုရားရှင် (၈) ဝါအရတွင် အရှင်ဂဝံပတိရဟန္တာ ဦးဆောင်သောရဟန်းတော်နှစ်သောင်းတို့ကလည်း တစ်ကြိမ်ရောက်ရှိတော်မူခဲ့ကြောင်း သမိုင်းကဆိုလေသည်။ သို့ရာတွင်ထိုအချိန်ထိုကာလက သာသနာတော်ထွန်းကားပြန့်ပွားမှုမရှိသေးသဖြင့်ရှင်ဥတ္တရထေရ်နှင့် ရှင်သောဏထေရ်တို့ ဦးဆောင်သောရဟန်းတော် (၅) ပါး ကြွရောက်တော်မူကြသည့် သာသနာတော် သက္ကရာဇ် (၂၃၅) ခုနှစ်တွင်မှသာ မြန်မာနိုင်ငံအောက်ပိုင်းသို့ ဗုဒ္ဓသာသနာတော်စတင်ရောက်ရှိပြန့်ပွားကြောင်း ဖြစ်သမိုင်းဆရာတို့က မှတ်တမ်းတင်ထားကြခြင်းဖြစ်ပါသည်။

www.dhammaransi.com

# အခန်း(၂)

## ပုဂံခေတ်အလောင်းစည်သူမင်းကြီးတည်ထားတော်မူခန်း

## ပုဂံခေတ်ဗုဒ္ဓသာသနာတော်၏အခြေအနေ

ပထမမြန်မာနိုင်ငံတော်ကိုသိမ်းသွင်းတည်ထောင်တော်မူခဲ့သော အနော်ရထာမင်းစောလက်ထက်၌ပုဂံပြည်တွင် ဗုဒ္ဓမြတ်စွာသာသနာတော်အထူးထွန်းကား တိုးတက်ပြန့်ပွားခဲ့သောကာလဖြစ်ပါသည်။

အနော်ရထာမင်းစောသည် သာသနာတော်သက္ကရာဇ်(၁၆၀၁)ခု၊ မြန်မာသက္ကရာဇ်(၄၁၉) ခုနှစ်တွင် ရဟန္တာအရှင်မြတ်ရှင်အရဟံ၏အကူအညီဖြင့် သုဝဏ္ဏဝတီ (ခေါ်) သုဝဏ္ဏဘူမိ သထုံပြည်မှ ပိဋကတ်သုံးပုံကို ပင့်ဆောင်ပြီးပုဂံနေပြည်တော်၌ သီတင်းသုံးတော်မူကြသောရဟန်းတော်များအား ပစ္စည်းလေးပါးထောက်ပံ့၍ သင်အံလေ့ကျက် ပွားများစေခြင်းဖြင့် ပရိယတ္တိ သာသနာတော်ကို အထူးမြှောက်စားချီးမြှင့်ခဲ့သည်သာမက သာသနာတော်သန့်ရှင်းပြန့်ပွားရေးလုပ်ငန်းများကိုလည်း ထိရောက်စွာ ဆောင်ရွက် အောင်မြင်တော်မူခဲ့လေသည်။

ထိုအနော်ရထာမင်းစောလက်ထက်မှစ၍ ပုဂံခေတ်၌ အုပ်စိုးခဲ့ကြသည့်မင်းစဉ်မင်းဆက်များသည်လည်း နေပြည်တော်တွင် ဘုရားဂူကျောင်း တန်ဆောင်း ဇရပ် ပြဿဒ် သိမ်တော်များကို သမိုင်းတွင်ရစ်အောင် ဆောက်လုပ် လှူဒါန်းခဲ့ကြသည့်အပြင် တိုင်းစွန်နယ်ဖျားမကျန် မြန်မာနိုင်ငံအရပ်ရပ်သို့ တိုင်းခန်းလှည့်လည်၍ရေးမင်းများတည်ထားကိုးကွယ်ခဲ့သော တန်ခိုးကြီးဘုရားများကို ပြုပြင်

www.dhammaransi.com

မွမ်းမံ တည်ဆောက်ခြင်း အသစ်အသစ်များ ထပ်မံတည်ထား ကိုးကွယ်ခြင်းများဖြင့် ဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွား ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်တော်မူခဲ့ကြလေသည်။

ဗုဒ္ဓသာသနာတော်ကိုချီးမြှောက်တော်မူခဲ့ကြသည့် ထိုထိုသော ပုဂံမင်းများအနက် မြန်မာသက္ကရာဇ် (၄၅၄) ခုနှစ်တွင် ပုဂံထီးနန်းကို သိမ်းမြန်း စိုးစံတော်မူသော အလောင်းစည်သူမင်းသည် အထူးထင်ရှားသော သာသနာပြုမင်းတပါးဖြစ်လေသည်။

## အလောင်းစည်သူမင်းတိုင်းခန်းလှည့်လည်၍သာသနာပြုတော်မူခြင်း

အလောင်းစည်သူမင်းသည် ပြည်တွင်းပြည်ပတိုင်းခန်း လှည့်လည်ရာ၌ မြန်မာ့သမိုင်းတွင် ထင်ရှားသော မင်းတပါးဖြစ်သည့်အတိုင်း ဂန္ဓာရာဇ်တိုင်း တရုတ်ပြည် အပါအဝင် သိန်းဃိုကျွန်း၊ မာလာယုကျွန်း၊ မာန်အောင်ကျွန်းနှင့်ဇမ္ဗူဒိပ်တို့အပြင်ဇမ္ဗူသပြေပင်ရင်းသို့ပင် ဘုန်းတော်ကြောင့် ရောက်တော်မူခဲ့လေသည်။ သိမ်းဃိုကျွန်းသို့ရောက်သောအခါ လူရှစ်သိန်းမျှစီးနင်းနိုင်သော လှေဖေါင်တော်ကြီးကိုရရှိပြီး ဇမ္ဗူ့သပြေပင်ရင်းသို့ ရောက်သည့်အခါ **သီရိတြိဘဝနာ ဒိတျာပဝရ ပဏ္ဍိတသုဓမ္မရာဇာမဟာဓိပတိ နရပတိစည်သူ** ဟူသော သိကြားမင်းပေးသည့် တံဆိပ် နာမံတော်ကိုလည်း ရရှိခံယူတော်မူခဲ့လေသည်။ ထိုနောက် မင်းကြီးသည် သရက္ခန်ငါးပိုင်း၊ ဒက္ခိဏသာခါ ဗောဓိခက်တို့ကို ဘုရားရုပ်ထုတော်ထု၍ ကိုးကွယ်တော်မူခဲ့လေသည်။

အလောင်းစည်သူမင်းသည် နိုင်ငံတော်အတွင်းရှိ ခရိုင်မြို့ပြအသီးသီးသို့လည်း သင်္ဘောနက်လှေတော်ဖြင့် တိုင်းခန်းလှည့်လည်ပြီး သာသနာ ငါးထောင် တည်ရစ်စေရန်နှင့် ခပ်သိမ်းသော သတ္တဝါအပေါင်းတို့၏ အစည်းအပွား အလို့ငှာ သိမ်နှင့်ကျောင်း၊ ဘုရားနှင့်

www.dhammaransi.com

စည်းခုံ၊ ဂူနှင့်ပုထိုးစသည်တို့ကိုများစွာ တည်ထား ကိုးကွယ်ခြင်းပြု တော်မူခဲ့လေသည်။

## ကမ္ဘောဇတိုင်း ရမ္မဝတီပြည်သို့လှည့်လည်၍သာသနာအကျိုး ဆောင်ရွက်တော်မူခြင်း

အလောင်းစည်သူမင်းသည် သာသနာတော်၏ အကျိုး၊သတ္တဝါ ခပ်သိမ်းတို့၏ အကျိုးအလို့ငှာ မြန်မာသက္ကရာဇ် (၄၇၃) ခုနှစ်၊ နတ်တော်လပြည့်ကျော် (၇) ရက်နေ့မှစ၍ နောက်ပါ လှေဖောင် တော်သားတစ်သိန်းနှင့်အတူ သင်္ဘောနက်လှေတော်ကိုစီးပြီးပုဂံနေပြည် တော်မှ ကမ္ဘောဇတိုင်းတခွင်သို့ထွက်တော်မူခဲ့လေသည်။

လှေဖောင်တော်ဦးတွင် ဓာတ်တော်မွေတော်များနှင့်ကျောက်သံ ပတ္တမြားစသော ရတနာမျိုးစုံထည့်ထားသည့် ရတနာပန်းတောင်းကို တင်ပြီးထိုရတနာပန်းတောင်းဦးတည်သွားရာသို့လှေဖေါင်တော်လိုက် စေသတည်းဟု အဓိဋ္ဌာန်ပြုတော်မူရာ ရတနာပန်းတောင်းလှေတော် သည် ပုဂံရာမနေပြည်တော်၏ အရှေ့တောင်ဘက်ရှိ အံ့သြဘွယ်ရာ ကမ္ဘာ ကျက်သရေ နတ်ဆွေအပေါင်း ပျော်မွေ့အောင်းရာဖြစ်သော ရမ္မဝတီပြည်ကြီးသို့ ဆိုက်ရောက်တော်မူခဲ့လေသည်။

ထိုပြည်အတွင်းရှိ ယခုညောင်ရွှေနယ်အင်းလေးဒေသတကြော နှင့်ယင်းဒေသနှင့် ဆက်စပ်နေသည့် အရပ်များတို့၌ ဘုရားစေတီ ပေါင်းမြောက်မြားစွာတည်ထားကိုးကွယ်တော်မူခဲ့သည် ။မင်းကြီးတည် ထားတော်မူခဲ့သော အင်းလေးတကြောရှိဘုရားများကို စုစည်းရေ တွက်ပြီး ထိုဘုရားများအားရည်မှန်းပူဇော် ကန်တော့သောအားဖြင့် * **မွေတော်ဓာတ်ပေါင်းဘုရားရှိခိုး** *ဟူသော ဘုရားရှိခိုးစာတစ်ပုဒ် ကို ဒေသခံရှေးလူကြီးများက စပ်ဆိုမှတ်သားကာ အဆိုပါဒေသရှိ တိုင်းရင်းသားဗုဒ္ဓဘာသာဝင်များတို့က အမြတ်တနိုးဖြင့် ဘုရားရှိခိုး ပူဇော်ခဲ့ကြသည် ။ငင်းဘုရားရှိခိုးစာမှာ –

www.dhammaransi.com

# * မွေတော်ခါတ်ပေါင်းဘုရားရှိခိုးစာ *

အစိန္တေယျ အစိန္တေယျ အစိန္တေယျအစသန်းထောင် နှစ်ဆူ ပေါင်းမြတ် တောင်ကရွှေအင်းတိမ် တုနိုင်း ( ဖူးနိုင် ) မမျှော် ဖောင်တော်ဦးက စသည်ဝက်ကူ (ကက်ကူ) တစ်ဆူဘုရားပေါက် မိုင်းသောက်မွေတော် ဓါတ်တော်မြတ် သိန်းတန် ရွှေလင်ပန်း ရွှေပန်းခက် ထူးဆန်းပေါရိသာဒ် မြတ်သည်ခေါင်တိုင် ရွှေမြင်တင် နှင့် အရှေ့အင်းနား ဘုရားသက်လွတ် ( ကြက်လွတ် ) အရှေ့ တောင်ဖျား ဘုရားမော်ဘိ ( မောပြီ )၊ မြတ်သည်တာခေါင် ( တက်ထောင် ) စကားတောင်က ထမင်းဂျိုးဘုရား၊ အများစီလုပ် နန်းတုတ်တစ်ဆူ၊ တောင်မူ( တောင်ငူ ) မိုးဗြဲ မိုင်းခုံထဲက စသည် (မြတ်သည်) ဘုရား တောင်တိုအားဖြင့်၊ အင်းနားကိန်းလျှောင်း (ကိန်းအောင်း) *မွေတော်ပေါင်းကို နှောင်လာစကြာ မေတ္တိယျရှင် ဖူးမြင်ပြီးမှသုခဧကန် မြတ်နိဗ္ဗာန် ကိုရပါလို၏ အရှင်ဘုရား ။ ။

* မွေတော်ပေါင်းကို ( အဟံ အကျွန်ုပ်သည် ဝန္ဒေဝန္ဒာမိရှိခိုးပါ၏ အရှင်ဘုရား )။

**မှတ်ချက်**။ ။ လက်သည်းကွင်းများအတွင်း၌ ဖော်ပြထားသည့်စာ သားများသည်မူကွဲများဖြစ်သည်။

အထက်ပါ ဘုရားရှိခိုးစာအရ ရှိနေကြသည့် ဘုရားများ၏ ယနေ့တည်ရှိရာဒေသများမှာ–

* **အင်းလေးကန်မြောက်ပိုင်း၌တည်ရှိနေကြသောဘုရားများ**

- ပေါရိသာဒ်ဘုရား
- ရွှေလင်ပန်းဘုရား
- ရွှေပန်းခက်ဘုရား

www.dhammaransi.com

* **အင်းလေးကန်လယ်၌ တည်ရှိသောဘုရားများ**
  - ဖောင်တော်ဦးရုပ်ရှင်တော်ဘုရား
  - ဘုရားပေါက် (ခေါ်) ဖလားမှောက်ဘုရား
* **အင်းလေးကန်၏အနောက်ဖက်ခြမ်း၌ တည်ရှိသောဘုရားများ**
  ( မြောက်ဘက်မှ တောင်ဘက်သို့အစဉ်အလိုက် )
  - ခေါင်တိုင်ဘုရား
  - ရွှေမြင်တင်ဘုရား
  - သန်းထောင်ဘုရား
  - အင်းတိမ်ဘုရား
  - တောင်တိုဘုရား (ဟသာ်ကျတောင်တိုမွေတော်ဘုရား)
* **အင်းလေးကန်၏အရှေ့ဘက်ခြမ်း၌ တည်ရှိသောဘုရားများ**
  ( မြောက်ဘက်မှတောင်ဘက်သို့အစဉ်အလိုက် )
  - မြသိန်းတန်ဓာတ်တော်ဘုရား
  - မိုင်းသောက်မွေတော်ဘုရား
  - သက်လွတ်ဘုရား ( ကြက်လွတ်ဘုရား )
  - မော်ဘီဘုရား ( မောပြီဘုရား )
* **စကားနယ်၌ တည်ရှိသောဘုရားများ**
  - တာခေါင် (ခေါ်) တက်ထောင်ဘုရား ( ဘီလူးချောင်းရိုး အနောက်ဘက်ကမ်းစပ် )
  - ထမင်းချိုးဘုရား ( စကားတောင်ပေါ်တွင်ရှိသည် )
* **လွှယ်လုံနယ် ( ပင်လောင်းမြို့နယ် ) ၌တည်ရှိသောဘုရား**
  - နန်းတုတ်ဘုရား
* **မိုးဗြဲနယ် ( ဖယ်ခုံမြို့နယ် ) ၌တည်ရှိသောဘုရားများ**
  - မိုင်းခုံဘုရား ( ဘီလူးချောင်းရိုး၏ အရှေ့ဘက် ကမ်းစပ်

www.dhammaransi.com

ဌှတည်ရှိပြီး ယခုအချိန်တွင် မိုးဗြဲရေလှောင်ကန်၏ရေပြင်အောက်၌ရောက်နေသည် )

- မိုးဗြဲမွေတော်ဓာတ်စစ်ဘုရား

* **သထုံနယ် ( ဆီဆိုင်မြို့နယ် ) ၌တည်ရှိသောဘုရား**

- ဝက်ကူဘုရား (ခေါ်) ကက်ကူဘုရား(ရွှေဝက်ကူဟုလည်းခေါ်ကြသည်)။

အထက်ပါ ဘုရားများအားလုံးတို့သည် တည်ထားကိုးကွယ်ခဲ့ကြသည့် သူ့သမိုင်းကြောင်းနှင့်သူသီးခြားစီရှိနေကြသည်ကိုလည်း လေ့လာ သိရှိရသည်။ အင်းလေး ဖောင်တော်ဦးဘုရားမှာမူ ဓာတ်တော်မွေတော်ဘုရားမဟုတ်ဘဲ ရုပ်ရှင်တော်ဘုရားဖြစ်သည်။

ဆိုခဲ့သော ဘုရားရှိခိုးစာတွင် မပါဝင်သော်လည်း အလောင်းစည်သူမင်းကြီး မိုးဗြဲမွေတော်ဘုရားတည်ထားပြီးနောက် ပုဂံနေပြည်တော်သို့ လှည့်အပြန်တွင် ပိန်းချစ်ဘုရား၊ ရွှေပင်ရွှေချမ်းသာဘုရား၊ ကူချိုးဘုရား၊ ကျုံးမွေတော်ဘုရား အစရှိသော ဘုရား စေတီပေါင်းများစွာကိုလည်း တည်ထားတော်မူကြောင်း သမိုင်းကဆိုပါသည်။

## မိုးဗြဲသို့ဆိုက်ရောက်တော်တော်မူခြင်း

အလောင်းစည်သူမင်းကြီး သည် ရမ္မဝတီပြည်တွင် ကောင်းမှုကုသိုလ်တော်များ တည်ထားခြင်းဖြင့် ခရီးဆက်တော်မူခဲ့ရာ မြန်မာသက္ကရာဇ် (၄၇၆) ခုနှစ်၊ မိုးဦးကာလ ကဆုန်လရာသီအခါသမယတွင် ယခုပဒေါင် (ခေါ်) ကယန်းလူမျိုးစုတို့ နေထိုင်ရာအရပ်ဒေသဖြစ်သော မိုးဗြဲဒေသသို့ ဆိုက်ရောက်တော်မူခဲ့လေသည်။ ထိုအချိန်သည် ထမင်းချိုးဘုရားတည်ပြီး၍ မင်းကြီး၏အဓိဋ္ဌာန်တော်ကြောင့် ရွာသွန်းခဲ့သောမိုးသည် အဆက်မပြတ် ရွာသွန်းနေသေးသည့်အချိန်အခါလည်းဖြစ်ပါသည်။ မိုးဗြဲသည် တိုင်းနိုင်ငံ၏အစွန်အဖျားဒေသဖြစ်သဖြင့် မင်းကြီးသည် ရေ့ဆက်မစုန်လိုတော့ဘဲထိုနေရာတွင်ပင်

www.dhammaransi.com

လှေတော်ကိုရပ်တံ့စေ၍ နားတော်မူခဲ့လေသည်။

မင်းကြီးသည် ထိုတိုင်းစွန် နယ်ဖျားဒေသ၏ ပတ်ဝန်းကျင် အနေအထားအရပ်ရပ်ကို သုံးသပ်ရှုမျှော်တော်မူရာ ထိုအရပ်ထိုဒေသ တွင် ကောင်းမှုကုသိုလ် စေတီတော်တစ်ဆူ တည်ထားရစ်လိုသည့် နှလုံးတော်နိုးကြားလာသဖြင့် **"ဤနေရာဤဒေသတွင် ခပ်သိမ်းသော ဝေနေယျ သတ္တဝါ အပေါင်းတို့ ရှိခိုး ကော်ရော် ပူဇော်ထိုက်သော ကောင်းမှုတော်စေတီတော်မြတ် တည်ထား၍ သင့်အပ်လျောက်ပတ် သောအရပ်ဖြစ်ပါလျှင် ယခု (၇) ရက် (၇) လီအဆက်မပြတ် ရွာ သွန်းနေသောမိုးသည် ချက်ချင်းပင်ရပ်စဲပါရစေသား"** ဟု အဓိဋ္ဌာန် ပြုတော်မူသည့်အဆုံး၌ ရွာသွန်းနေသောမိုးသည် တမဟုတ်ချင်းရပ် စဲသွားလေတော့သည်။

ထိုအလောင်းစည်သူမင်းကြီး၏ အဓိဋ္ဌာန်တော်ဖြင့် မိုးစဲသွား သည်ကိုအကြောင်းပြု၍ ၎င်းအရပ်ကို **"မိုးစဲ"** ဟူ၍ခေါ်ဝေါ်သမုတ် ခဲ့ရာမှ ကာလ ရွေ့လျောလာသောအခါ **"မိုးဗြဲ"** ဟု တွင်လာခြင်း ဖြစ်ပေသည်။

**မှတ်ချက်။** ။ မိုးဗြဲဟူသောဝေါဟာရသည် မိုးရွာသွန်းခြင်း၊ မိုး ရပ်စဲခြင်းတို့ကို အကြောင်းပြု၍ မာဃ = မိုဃ်း ဟူသော မာဃသဒ္ဒါမှဆင်းသက်လာသောအက္ခရာ ကိုယူကာ မိုးကို "ဃ" ကြီးသရတပ်ပြီး မိုးဗြဲမှ **"မိုဃ်းဗြဲ"** ဟုလည်းရေးသား သုံးနှုန်းကြကြောင်း သိရှိရလေသည်။

## မိုးဗြဲမွေတော်ဓာတ်စစ်ဘုရားတည်ထားတော်မူခြင်း

အလောင်းစည်သူမင်းသည် မိမိ၏အဓိဋ္ဌာန်တော်ဖြင့် အဆက် မပြတ် ရွာသွန်းနေသော မိုးစက်မိုးပေါက်များ ရပ်စဲသွားသောအခါ ရတနာပန်းတောင်းကိုထိပ်၌ရွက်ပြီး **"ခပ်သိမ်းသောဝေနေယျသတ္တဝါ**

www.dhammaransi.com

**အပေါင်းတို့ရှိခိုးပူဇော်ထိုက်သောဘုရားတည်ထား၍ သင့်မြတ်လျော်ကန်မည့်နေရာတွင် ငါ၏ ရတနာပန်းတောင်းသည်သက်ဆင်းကိန်းဝပ်စပ္ပါယ်တော်မူစေသတည်း"** ဟုထပ်မံ၍အဓိဋ္ဌာန်ပြုတော်မူပြန်ရာ ဓာတ်တော်မွေတော်နှင့် ရတနာမျိုးစုံ ထည့်ထားသည့် ရတနာပန်းတောင်းသည် မင်းကြီး၏လက်တော်မှ ကောင်းကင်ယံသို့ ဟင်္သာသဏ္ဍာန်ဖြင့် ဝဲပျံကြွ၍ မူလသီရိဓမ္မာသောကမင်းကြီး တည်ထားသည့်ဘုရားရှိရာ တောင်ကုန်းကို လကျာ်ရစ် (၃) ပတ်လှည့်ပတ်ပြီးမှ ဘုရားရှိသောနေရာ၌ ညင်သာစွာ သက်ဆင်းတော်မူခဲ့လေတော့သည်။

ထိုအခါမင်းကြီးက ရတနာပန်းတောင်းသက်ဆင်းသည့်နေရာဝန်းကျင်တဝိုက်ရှိ ချုံနွယ်ပိတ်ပေါင်းများကို မင်းချင်းများအား ရှင်းလင်းစေရာ၌ ဉာဏ်တော်အမြင့် (၉) မိုက်ရှိသော သီရိဓမ္မာသောကမင်းကြီး၏ ရှေးဟောင်း ကောင်းမှုတော်စေတီမြတ်ကို အံ့သြဖွယ်ဝမ်းမြောက်စွာ ဖူးတွေ့ရလေသည်။

ထို့ကြောင့် အလောင်းစည်သူမင်းကြီးသည် မူလ သီရိဓမ္မာသောကမင်းကြီး၏ ကောင်းမှုတော်ကိုပင်ငုံ၍ ရွှေဆင်းတုတော်တစ်ဆူ၊ ရတနာမျိုးစုံ (၂၆) နှစ်ဆယ့်ခြောက်ပြည်၊ စိန်၊ နဝရတ်၊ပတ္တမြားမျက်ရွဲနှင့် ဓာတ်တော်မွေတော်များကို ထပ်မံဌာပနာပြီး ဉာဏ်တော်အမြင့် (၉) တောင်ရှိသော စေတီတော်မြတ်ကို ထပ်မံ တည်ထားတော်မူခဲ့လေသည်။

အလောင်းစည်သူမင်းသည် ရှမ်း (၉) ပြည်ထောင်ကိုအမှတ်သင်္ကေတပြုသောအားဖြင့်၎င်း၊ မူလသီရိဓမ္မာသောကမင်းကြီး တည်ထားသည့် ဉာဏ်တော်အမြင့် (၉) ကိုးဂဏန်းကို ဆက်လက်ထင်ရှားစေခြင်းအားဖြင့်လည်းကောင်း၊ စေတီတော်၏အမြင့်ကို (၉)တောင်တည်ထားခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

www.dhammaransi.com

ထိုစေတီကို အလောင်းစည်သူမင်းကြီးက မြန်မာသက္ကရာဇ် (၄၇၆) ခုနှစ်၊ ကဆုန်လဆန်း (၄) ရက်နေ့မှစ၍ တည်ထားခဲ့ရာ ၄င်းနှစ် တော်သလင်းလဆန်း (၁၃) ရက်နေ့တွင် ပြီးစီးအောင်မြင်တော်မူခဲ့လေသည်။

မင်းကြီးသည် ကောင်းမှုတော်ကို ရေစက်သွန်းချ အမျှဝေပြီး စေတီတော်အားလကျာ်ရစ် (၃) ပတ်လှည့်၍ နောက်တော်ပါ အခြွေအရံသင်းပင်းများနှင့်အတူ တာပန္နရက္ခိတအစရှိသော တောရတောင်ခြေသို့ သက်နက်လှေဖောင်တော်ဖြင့် ဆန်တက်ကာ သာသနာတော်၏အကျိုးကို ဆက်လက်ဆောင်ရွက်တော်မူခဲ့လေသည်။

**မှတ်ချက်။**

(၁) ပုဂံခေတ် အလောင်းစည်သူမင်း၏ သာသနာရေး လုပ်ငန်းဆောင်ရွက်လာသည့် သမိုင်း မှတ်တမ်းကို ပြုစုရေးသားကြရာ၌ အချို့သော သမိုင်းဆရာများသည် အလောင်းစည်သူမင်းကြီးအား သိကြားမင်းပေးခဲ့သည့် * **သီရိတြိဘဝနာ ဒိတျာပဝရ ပဏ္ဍိတ သုဓမ္မရာဇာ မဟာဓိပတိ နရပတိစည်သူ** * ဟူသော နာမံတော်၏အဆုံးအပိုဒ်ဖြစ်သော * **နရပတိစည်သူ** * ဟူသောအမည်ဖြင့် ရေးသားပြုစုခဲ့သည်များကိုလည်း တွေ့ရှိရပါသည်။

(၂) ယင်းသို့ရေးသား မှတ်တမ်းတင်ကြသဖြင့် သတိမထားမိကြသော သမိုင်းဖတ်ရှုလေ့လာသူအချို့က မြန်မာသက္ကရာဇ် (၅၃၆) ခုနှစ်မှ (၅၇၃) ခုနှစ်အတွင်း၌ ပုဂံပြည်ကို စိုးစံခဲ့သော အလောင်းစည်သူမင်း၏မြေးတော် **နရပတိစည်သူမင်း** ဟု သဘောပေါက်မှတ်ယူကြသည်များ ရှိကြပါသည်။

(၃) နရပတိစည်သူမင်းသည် ဘိုးတော်အလောင်းစည်သူမင်း၏ တံဆိပ်နာမံတော်နှင့် သက်နက်လှေတော်ကို ဆက်ခံလာခဲ

www.dhammaransi.com



သောမင်းဖြစ်၍ အထင်မှား မည်ဆိုပါကလည်း မှားလောက်စရာပင်ဖြစ်ပေသည်။

(၄) ဦးဘသန်း (ဘီအေ) ၏ကျောင်းသုံးမြန်မာရာဇဝင်စာအုပ်၌ နရပတိစည်သူမင်း အကြောင်းကို ရေးသားရာတွင် * အလောင်းစည်သူမင်းနှင့်မြေးတော် နရပတိစည်သူမင်း နှစ်ပါးတိုင်းခွင်လှည့်လည်ကြသဖြင့် ထိုမင်းများရောက်ရာဒေသကိုစွဲ၍ မြန်မာလူမျိုးတို့ပြောလေ့ရှိသောစကားဟောင်းများတွင်မင်းနှစ်ပါးအမည်ရောထွေးနေတတ်သည် * ဟု မှတ်စုအဖြစ် ဖော်ပြထားခြင်းမှာလည်း ထိုသဘောပင်ဖြစ်ပေသည်။

(၅) အလားတူ ၁၉၉၆ ခုနှစ်ထုတ် စောလူ(ခေါ်) ဦးစောထွန်း၏ * **ပုဂံခေတ်မြန်မာစာ** * စာအုပ်ပထမတွဲတွင်လည်း ပုဂံမင်းဆက်များနှင့် ပတ်သက်၍ ( စည်သူ-၁ ) နှင့် ( စည်သူ-၂ ) ဟုဖော်ပြထားရာ မြန်မာ ရာဇဝင်ကျမ်းများတွင် ပထမစည်သူသည် **အလောင်းစည်သူမင်း**ဖြစ်ပြီး ဒုတိယစည်သူသည် **နရပတိစည်သူမင်း** ဖြစ်ကြောင်းရေးသားဖော်ပြထားသည်ကိုတွေ့ရှိ မှတ်သားလိုက်ရသည်။

(၆) မည်သို့ပင်ရှိစေကာမူ သမိုင်းမှတ်တမ်းတွင် ပေါ်လွင်နေသည့် သက္ကရာဇ်သည် သက်သေခံပင်ဖြစ်ပေသည်။ အလောင်းစည်သူမင်းနှင့် မြေးတော်နရပတိစည်သူမင်းတို့သည် မင်း(၂) ဆက်ပင်ခြားနားစိုးစံလာခဲ့ကြသည်ဖြစ်ရာ သာသနာတော် မှတ်တမ်းပါ ခုနှစ် သက္ကရာဇ်သည် မည်သည့်မင်းဖြစ်သည်ကို ညွှန်ပြနေမည်သာဖြစ်သည်။

www.dhammaransi.com

# အခန်း(၃)

## ကုန်းဘောင်ခေတ်၊ ပဒုံမင်း(ခေါ်) ဘိုးတော်မင်းတရား တည်ထားတော်မူခန်း

## ကုန်းဘောင်ခေတ်ဦးမြန်မာနိုင်ငံ၏ဗုဒ္ဓသာသနာတော်အခြေအနေ

ကုန်းဘောင်ခေတ် (ကုန်းဘောင်မင်းဆက်)ကိုဦးအောင်ဇေယျ (ခေါ်) အလောင်းမင်းတရားက မြန်မာသက္ကရာဇ် (၁၁၁၅) ခုနှစ်က စတင်တည်ထောင်တော်မူခဲ့သည်။ သူတလူငါတမင်းအစိပ်စိပ်အမွှာမွှာဖြစ်နေသော မြန်မာနိုင်ငံတော်ကို စုစည်းသိမ်းသွင်းနိုင်ခဲ့သဖြင့် အလောင်းမင်းတရားအား * **တတိယမြန်မာနိုင်ငံကို တည်ထောင်သောမင်း** * ဟူ၍ သမိုင်းဆရာများကအသိအမှတ်ပြုကြသည်။

အလောင်းမင်းတရားသည် မြန်မာနိုင်ငံအတွင်းရှိ နယ်ပယ်ဒေသများနှင့် တိုင်းရင်းသားလူမျိုးစုံများကိုတစည်းတလုံးတည်းဖြစ်အောင် စတင်စုစည်း သိမ်းသွင်းခဲ့သည့် အချိန်မှစ၍ ယိုးဒယားသို့ ချီတက် တိုက်ခိုက်ရင်း နတ်ရွာစံ သွားသည် အထိ သက်တမ်းတလျှောက်လုံးတွင် စစ်ရေးစစ်ရာနှင့် တိုင်းရေးပြည်မှုအတွက်အချိန်ပေးနေရသည်ဖြစ်၍ သာသနာတော် ချီးမြှောက်ရေးလုပ်ငန်းရပ်များကိုအထူးဆောင်ရွက်ချိန်မရလိုက်ပါ။

အလားတူအလောင်းတရား၏ ထီးမွေနန်းမွေကို ဆက်ခံခဲ့သူ သားတော် နောင်တော်ကြီးမင်း လက်ထက်တွင်လည်း သက်တမ်းအလွန် တိုတောင်းလှသဖြင့် သာသနာတော်လုပ်ငန်း ဆောင်ရွက်မှု မပြုနိုင်သကဲ့သို့ ၎င်း၏သားတော်စဉ့်ကူးမင်း လက်ထက်တွင်လည်း အပျော်အပါးများနှင့်သာ အချိန်ကုန်လွန်ခဲ့ရသည်ဖြစ်၍ မည်မည်ရရ ဆောင်ရွက်နိုင်ခြင်း မရှိကြောင်းတွေ့ရှိရပါသည်။

တဖန် မြန်မာသက္ကရာဇ် (၁၁၂၅) ခုနှစ်တွင် နန်းတက်သော အလောင်းမင်းတရား၏ တတိယသားတော်ဆင်ဖြူရှင်မင်းတရား

www.dhammaransi.com

လက်ထက်တွင် နေပြည်တော်ကို ရွှေဘိုမှ အင်းဝသို့ ပြောင်းရွှေ့နန်းစံနေရခြင်း၊ ခမည်းတော် လက်ထက်၌ မအောင်မြင်ခဲ့သော ယိုးဒယားစစ်ပွဲကို ဆက်လက်ဆင်နွှဲတိုက်ခိုက်နေရခြင်း၊ ကျူးကျော်ထိပါးလာသူပြည်ပရန် ဟရုတ်စစ်သည်များကို တွန်းလှန်တိုက်ခိုက်နေရခြင်းနှင့်အာသံ၊ မဏိပူရနယ်ပယ်များကို တိုက်ခိုက်သိမ်းသွင်းနေရခြင်း တို့ကြောင့်လည်း အချိန်နည်းခဲ့ရပြန်သည်။

သို့ရာတွင် (၁၁၂၇) ခုနှစ်တွင် ယိုးဒယားကို တိုက်ခိုက်အောင်မြင်တော်မူရာ၌ဗုဒ္ဓသာသနာတော်ဆိုင်ရာ အသိပညာ၊အတတ်ပညာနှင့် ပိသုကာပညာရပ်များကို ပညာရှင်များနှင့်တကွရရှိခဲ့သည်ဖြစ်၍ သာသနာတော်အတွက် များစွာ အထောက်အကူဖြစ်စေခဲ့ပါသည်။

## ပဒုံမင်းနှင့် ကုန်းဘောင်ခေတ် ဗုဒ္ဓသာသနာတော်

မြန်မာသက္ကရာဇ် (၁၁၄၃) ခုနှစ်တွင် အလောင်းမင်းတရား၏စတုတ္ထသားတော် ပဒုံမင်းသားနန်းတက်ခဲ့သည်။အိမ်နိမ့်စံမင်းသားဘဝက ပဒုံမြို့ကိုစားရသည်ကို အကြောင်းပြု၍ ပဒုံမင်းဟုခေါ်ဆိုကြခြင်းဖြစ်သည်။ပဒုံမင်းကိုနောင်တွင် ဘိုးတော်မင်းတရား ဟုခေါ်တွင်လေသည်။ ထိုမင်းနန်းတက်သောအခါ နေပြည်တော်ကိုအင်းဝမှ အမရပူရသို့ ပြောင်းရွှေ့၍ မြို့သစ်နန်းသစ် တည်တော်မူခဲ့သည်။

ထိုဘိုးတော်မင်းတရားလက်ထက် မြန်မာသက္ကရာဇ် (၁၁၄၆) ခုနှစ်တွင်ရခိုင်ပြည်ကိုအောင်မြင်ပြီး မဟာမြတ်မုနိရုပ်ပွားတော်အား နေပြည်တော်သို့ မင်းခမ်းမင်းနားဖြင့် ခမ်းနားကြီးကျယ်စွာ ပင့်တော်မူခဲ့လေသည်။

မင်းနေပြည်တော်သို့ မဟာမြတ်မုနိဘုရား ပင့်ဆောင်လာ

www.dhammaransi.com


သည့်အချိန်မှစ၍ မြန်မာနိုင်ငံ၏ အခြေအနေအရပ်ရပ်သည် ပိုမိုအေးချမ်းတည်ငြိမ်လာခဲ့သည်။ ထို့ကြောင့် ထိုအချိန်ကောင်းအခါကောင်းကိုလက်မလွှတ်သော ဘိုးတော်ဘုရားသည် သာသနာတော်၏လုပ်ငန်းကို အာရုံပြုလာခဲ့သည်။ နေပြည်တော်အတွင်းရှိ ပရိယတ္တိ၊ ပဋိပတ္တိသာသနာတော်ကို ကျင့်ကြံပွါးများ အားထုတ်တော်မူကြသော ဆရာတော် သံဃာတော်များအား ထောက်ပံ့ချီးမြှင့်ခြင်း၊ အနယ်နယ်အရပ်ရပ်သို့ သာသနာပြုစေလွှတ်တော်မူခြင်း၊ တိုင်းစွန်နယ်ဖျားမကျန် နိုင်ငံတော်အရပ်ရပ်ရှိ ရှေးတန်ခိုးကြီးဘုရားများ ပြုပြင်မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်း ရပ်များကို အထူးဆောင်ရွက်တော်မူခဲ့သည်။ ယနေ့ မြန်မာကျော်မင်းကွန်းစေတီတော်ကြီးနှင့် ကမ္ဘာကျော်မင်းကွန်းခေါင်းလောင်းကြီး တို့သည် ဘိုးတော်ဘုရား၏ကောင်းမှု ကုသိုလ်တော်များပင်ဖြစ်သဖြင့် ဘိုးတော်ဘုရားသည် ကုန်းဘောင်ခေတ်တွင် ထင်ရှားသည့် သာသနာ့အကျိုးဆောင်မင်းတစ်ပါးဟု ဆိုနိုင်ပါသည်။

## ပဒေါင်လူမျိုးစုကိုစိတ်ဝင်စားသည့်ပဒုံမင်းသား

ပုဂံခေတ် အနော်ရထာမင်းစော လက်ထက်ကပင် ရှမ်းပြည်ရှိပဒေသရာဇ်နယ်ရှင်များသည် မြန်မာဘုရင်များနှင့်ဆက်သွယ်မှုရှိခဲ့ကြောင်းကို အထက်အခန်း (၂) တွင်ရေးသား ဖော်ပြထားပြီးဖြစ်ပါသည်။ ရှမ်းပြည် ပဒေသရာဇ် နယ်ပယ်များသည် ခေတ်အလိုက်မြန်မာဘုရင်၏ သစ္စာတော်ကိုခံယူပြီး အခွန်ဘဏ္ဍာတော်များနှင့် လက်ဆောင် ပဏ္ဏာများကို ဆက်သရမြဲဖြစ်သည်။ အထူးသဖြင့်တိုင်းရေးပြည်မှုနှင့် ပတ်သက်သော စစ်ရေးစစ်ရာအတွက် လိုအပ်သည့်အချိန်များ၌ ရှမ်းပြည်မှ စစ်သည်ရဲမက်များကိုနယ်ပယ်အလိုက်အချိုးကျ မြန်မာမင်းထံ စေလွှတ်ပေးရသည်။ ဤသို့ဖြင့် မြန်မာ

www.dhammaransi.com

ဘုရင်၏ မင်းညီ မင်းသား၊ မင်းဆွေ မင်းမျိုးနှင့် မှူးမတ် သေနာပတိ တို့သည် ရှမ်းပြည်ရှိ တိုင်းရင်းသား လူမျိုးများ၏ စိတ်နေစိတ်ထား၊ အစွမ်းအစနှင့် ဓလေ့စရိုက်များကိုတစေ့တစောင်း သိရှိလာခဲ့ကြသည်။ ထို့ကြောင့် ရှမ်းပြည်ထောင် ကိုးပြည်ထောင် (တနည်းအားဖြင့်) ရှမ်းပြည်နယ်ကြီး ကိုး (၉) နယ်တွင် တစ်နယ် အဖြစ်ထင်ရှားပါဝင်ခဲ့သော မိုးဗြဲနယ်၏ မူလနယ်မြေခံ တိုင်းရင်း သားလူမျိုးစုတို့သည်လည်း အခြားတိုင်းရင်းသား လူမျိုးစုများနည်း တူ မြန်မာဘုရင်၏ စစ်မှုရေးရာတွင် ပါဝင် ထမ်းရွက်ခဲ့ကြသဖြင့် မြန်မာဘုရင်၏အသိုင်းအဝိုင်းက မိုးဗြဲနယ်သားတို့၏ ထူးခြားသော ဝိသေသများကိုသိရှိလာခဲ့ကြသည်။

အထူးသဖြင့် ဒုတိယမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သည့် ဘုရင့်နောင် ကျော်ထင်နော်ရထာ လက်ထက် မြန်မာသက္ကရာဇ် (၉၂၅) ခုနှစ်တွင် ယိုးဒယားသို့ ချီတက်တိုက်ခိုက်အောင်မြင်ခဲ့သော တိုက်ပွဲ၌ မိုးဗြဲနယ်သား **"ပဒေါင်"** လူမျိုးစုတို့ ပါဝင်ဆင်နွှဲခဲ့မှုမှာ သမိုင်း တွင်ရစ်သော အရေးတော်ပုံတစ်ခုဖြစ်သည်။ အသက်သွေး၊ ချွေးတို့ဖြင့်ရင်းနှီး၍ ဆင်နွှဲခဲ့ရသောထိုအသေခံတိုက်ပွဲကိုအကြောင်း ပြုပြီး ကြေကွဲ လွမ်းဆွတ်ဖွယ်ရာ၊ သံဝေဂရဖွယ်ရာကောင်းလောက် အောင်ဖွဲ့နွဲ့၍ မျက်မှောက်ကာလတိုင်အောင် အရေးထား သီဆိုနေ ကြသည့်ပဒေါင်လူမျိုးစု၏ သီချင်းကြီးတေးသွားများသည်ဆိုခဲ့သော သမိုင်းဖြစ်ရပ်များကို သက်သေခံညွှန်ပြလျက်ရှိသည်။

တဖန် အလောင်းမင်းတရားလက်ထက် မြန်မာသက္ကရာဇ် (၁၁၂၀-၂၁) ခုနှစ်များ၌ ယိုးဒယားသို့ ချီတက် တိုက်ခိုက်ခဲ့သော အရေးတော်ပုံနှင့် ဆင်ဖြူရှင်မင်းတရား လက်ထက် သက္ကရာဇ် (၁၁၂၆-၂၇) ခုနှစ်များ၌ ယိုးဒယားသို့ချီတက်တိုက်ခိုက်၍ အောင် ပန်းဆွတ်လာခဲ့သော အရေးတော်ပုံများတွင် မိုးဗြဲနယ်သား ပဒေါင်

www.dhammaransi.com


လူမျိုးစုတို့၏ ပါဝင်ဆင်နွှဲခဲ့သည့် အခန်းကဏ္ဍကိုပဒုံမင်း၊မင်းသား ဘဝက ကိုယ်တော်တိုင်သိရှိတွေ့မြင်ခဲ့ရသည်။ ထို့ကြောင့်လည်းပင်း တွင် ကြေးခွေများဖြင့် ရစ်ပတ်ဖွဲ့ခွေပြီး လည်တံရှည်အောင်ပြုလုပ် သော ပဒေါင်အမျိုးသမီးတို့၏ ဝတ်စား ဆင်ယင် ထုံးဖွဲ့မှုသည် ပဒုံမင်းသား၏ စိတ်နှလုံးတော်ကို နှိုးဆွလှုပ်ရှားစေခဲ့သော သွင်ပြင် လက္ခဏာတစ်ရပ်ဖြစ်ခဲ့ဟန်တူသည်။ ထို့ကြောင့်ပင် ပဒေါင်လူမျိုးစု သည် ပဒုံမင်းသားအတွက် အထူး စိတ်ဝင်စားနေရသည့် လူမျိုးစု တစ်စုဖြစ်ခဲ့ပေသည်။

**မှတ်ချက်။** **"ပဒေါင်"** ဟူသော ဝေါဟာရသည် ရှမ်းဘာသာစကား ဖြင့် **"ပတ်တောင်း"** ဟူသောအခေါ်မှဆင်းသက်လာပြီး **"ကြေးပတ်ထားသော"** ( တနည်းအားဖြင့် ) ကြေးပတ် သောလူမျိုးဟု အဓိပ္ပာယ်သက်ရောက်ပါသည်။

ပဒေါင်လူမျိုးတို့သည် မိမိတို့၏လူမျိုးကို **"ကယန်း"** ဟုခေါ်ဆိုကြသည်။ ထို့ကြောင့်ယင်းလူမျိုးကို **"ပဒေါင် (ခေါ်) ကယန်း"** ဟုရေးသားဖော်ပြထားခြင်းဖြစ်သည်။

ပဒေါင်လူမျိုးတို့သည် မိမိတို့၏လူမျိုးကို **"ကယန်း"** ဟုခေါ်ဆိုကြသည်။ ထို့ကြောင့်ယင်းလူမျိုးကို **"ပဒေါင် (ခေါ်)ကယန်း"** ဟုရေးသားဖော်ပြထားခြင်းဖြစ်သည်။

## မိုးဗြဲမွေတော်ဘုရားကိုပြုပြင်တည်ထားတော်မူခြင်း

ပဒုံမင်း (ခေါ်) ဘိုးတော်ဘုရားသည်ဓညဝတီမည်သောရခိုင် ပြည်မှ မဟာမြတ်မုနိရုပ်ပွားတော်ကို နေပြည်တော်သို့ ပင့်ဆောင် လာပြီးနောက် သာသနာတော်ကို အထူး ချီးမြှောက်တော်မူခဲ့သည်။ မင်းနေပြည်တော်တွင် ခမ်းနားထည်ဝါသော ဘုရားစေတီတော်များ တည်ထား ကိုးကွယ်ခဲ့သည်သာမက နိုင်ငံတော်အရပ်ရပ်ရှိ ရှေးမင်း

www.dhammaransi.com


များ တည်ထားခဲ့သော တန်ခိုးကြီး ဘုရားများကို လိုက်လံ ပြုပြင် မွမ်းမံတည်ဆောက်ခြင်း ဖြင့် ဗုဒ္ဓသာသနာတော်ရောင်ကို တစ်ခေတ် ထွန်း ပြောင်စေခဲ့ပြန်သည်။

အထူးသဖြင့် မြန်မာသက္ကရာဇ် (၁၁၄၆) ခုနှစ်မှ (၁၁၅၆) ခုနှစ်များအတွင်း၌ကမ္ဘောဇတိုင်းတခွင်တွင်လှည့်လည်ပြီး ရှေးဟောင်း ကျောင်းကန် ဘုရားများကို ပြုပြင် မွမ်းမံတော်မူခဲ့သည်။ ယင်းသို့ ပြုပြင်မွမ်းမံကြောင်းကိုနောင်လာနောက်သားများသိရှိထားကြစေရန် (တနည်းအားဖြင့်) သမိုင်းကြောင်းအဆက်မပြတ်စေရန် ရည်သန်၍ ကျောက်ထက်အက္ခရာဖြင့်၎င်း ၊ ပေစာ ပရပိုက်စာများဖြင့်၎င်း မှတ်တမ်းတင်ထားရှိလေသည်။

ရှမ်းပြည်အတွင်းရှိ ရှေးဟောင်းဘုရားများကို လိုက်လံပြုပြင်မွမ်းမံရင်းဖြင့် ပဒုံမင်းသည် မိမိစိတ်ဝင်စားမှုရှိခဲ့သောပဒေါင်လူမျိုး အများစု နေထိုင်ရာ မိုးဗြဲနယ်ဘက်ကိုလည်းရောက်အောင် ကြွမြန်းရန်ရည်သန်ခဲ့သည့်အတိုင်း၊ မြန်မာသက္ကရာဇ် (၁၁၄၇) ခုနှစ်၊နှစ်ဦးပိုင်းတွင် ရှမ်းပြည်၏တောင်ဘက် အစွန်အဖျားဖြစ်သော မိုးဗြဲနယ်ကိုရောက်တော်မူခဲ့ပြီး မိုးဗြဲမြို့ရှိ မွေတော်ဓာတ်စစ်ဘုရားကိုဖူးမျှော်ခဲ့လေသည်။

ပဒုံမင်းသည် မိုးဗြဲမွေတော်ဘုရားကိုဖူးမျှော်ပြီးနောက် ပြုပြင်မွမ်းမံရန် ဦးစွာစီစဉ်ခဲ့သော်လည်း နောက်တွင် စိတ်အာရုံပြောင်း၍ ထပ်မံ တည်ဆောက်ရန် ဆန္ဒဖြစ်ပေါ်လာခဲ့သည်။ အကြောင်းသော်ကား.- ထိုခေတ် ထိုအခါက ထိုနေရာဒေသတွင် နေထိုင်ကြသော ပဒေါင်လူမျိုးများသည် မိရိုးဖလာနတ်ကိုသာ အားထားကိုးစားနေရသည်ဖြစ်၍ ဘာသာယဉ်ကျေးမှုအရာ၌ အရိုင်းသဖွယ်နိမ့်ကျလျက်ရှိသည်ကို မင်းကြီးသိရှိတွေ့မြင်ခဲ့ရသည်။ ထို့ကြောင့်ထိုလူမျိုးစုအား ဗုဒ္ဓဘာသာကို ကိုးကွယ် ဆည်းကပ်လာစေခြင်းဖြင့် ပြောင်းလဲတိုး

www.dhammaransi.com


တက်မည့် အသိအမြင်အယူအဆနှင့် သိမ်မွေ့သည့်ယဉ်ကျေးမှုများ ဖြစ်ပေါ်စိမ့်ဝင်လာနိုင်စေမည်ဟုသုံးသပ်တွေးဆမိသဖြင့် စေတီတော် အားငုံ၍ ထပ်မံတည်ထားရန်နှင့် ထိုသို့တည်ဆောက်ရာတွင်ပဒေါင် လူမျိုးစုများ စိတ်ဝင်စားမှုရှိလာအောင်နှင့် ကိုယ်တိုင်ကိုယ်ကျပါဝင် တည်ဆောက်နိုင်အောင် မိုးဗြဲနယ်ရှိ အုပ်ချုပ်သူအကြီးအကဲများနှင့် ညှိနှိုင်းတိုင်ပင်ကာ နည်းလမ်းရှာပြီးအစီအမံပြုလုပ်တော်မူခဲ့သည်။ ၁

ရှေးဦးစွာ မိုးဗြဲနယ်ရှိ အရှေ့ပဒေါင်တိုက်၊ အလယ်ပဒေါင် တိုက်နှင့် အနောက်ပဒေါင်တိုက်ဟူသော တိုက်နယ်ကြီး သုံးတိုက်မှ ပဒေါင်လူမျိုးစုအကြီးအကဲများကို နယ်ရှင်စော်ဘွားကြီးအားဆင့်ဆို စေပြီး ရှေးဟောင်းမိုးဗြဲမွေတော်ဘုရားကို ပြုပြင်မွမ်းမံတည်ဆောက် မည့်လုပ်ငန်း အစီအစဉ်ကိုချပြပြီး ထိုအစီအစဉ်အတိုင်းလုပ်ငန်းရပ် များအကောင်အထည်ဖော်ရာ၌ ပဒေါင် တိုင်းရင်းသားလူမျိုးစုပါဝင် ဆောင်ရွက်ရမည့် အခန်းကဏ္ဍကို တာဝန်ပေးအပ်ခဲ့သည်။ အလား တူမိုးဗြဲနှင့်အနီး ပတ်ဝန်းကျင်ရှိ ရှမ်း၊ အင်းသား၊ ပအိုဝ့်၊ ကရင် (ကရင်နီ)၊ ယင်းဘော် အစရှိသော တိုင်းရင်းသား လူမျိုးစုများကို လည်းသူ့နေရာနှင့်သူ တာဝန်ပေးအပ်ဆောင်ရွက်စေခဲ့သည်။

ထူးခြားချက်မှာ ထိုဘုရားသည် အခြားဘုရားများနှင့် မတူပဲ ခေါင်းလောင်းတော်မှစ၍ အထက်ငှက်ပျောဖူး (ခေါ်) ခရေစေ့အထိ ရှည်မျှောမျှောဖြင့် တည်ထားခဲ့သည်။ "အဆင့် အရစ်များပြီး ရှည် လျားသော ဖောင်းရစ်တော်များကို ပေါ်လွင်အောင်ဦးစားပေး တည် ထားခြင်း" ဖြစ်၍ ပေါ်လွင်သောဖောင်းရစ်တော်များသည် ကြေးဝါ ခွေများရစ်ပတ်ထားသော **"ပဒေါင်အမျိုးသမီးတို့၏ လည်ပင်းအနေ အထား"** နှင့် အလွန်သဏ္ဌာန်တူလေသည်။ အမြင့်ပေ (၂၀) ခန့်ရှိ သည့် ဖောင်းရစ်တော် (၁၉) ရစ်၏ အထက်ဆုံးအရစ်၏ အချင်းနှင့် အောက်အရစ်၏ အချင်းမှာ (၂) ပေမျှသာကွာခြားကြသည်။ ယင်း

www.dhammaransi.com

ထူးခြားချက်သည် ပဒုံမင်းကဘုရားကိုစိတ်ဝင်စားပြီး ဆည်းကပ်ကိုး ကွယ်လာအောင် ပဒေါင်လူမျိုးတို့အား ဆွဲဆောင်သည့် သဘောဖြင့် တမင်တကာစီစဉ် တည်ထားတော်မူဟန်ရှိသည်။

ထိုဘုရားကို မြန်မာသက္ကရာဇ် (၁၁၄၇) ခုနှစ်၊ နယုန်လတွင် စတင်တည်ထားခဲ့ပြီး ထိုနှစ်တပို့တွဲလပြည့်နေ့တွင် ပြီးစီးအောင်မြင် ခဲ့လေသည်။ တချိန်တည်းမှာပင် စေတီတော်၏ အရှေ့ဘက်မုခ်ဦး ဘုရားအာရုံခံတန်ဆောင်းများကိုလည်း မြန်မာ့ဗိသုကာပညာရှင်များ ၏လက်ရာဖြင့် ခမ်းခမ်းနားနားဆောက်လုပ် လှူဒါန်းတော်မူခဲ့လေ သည်။

ထိုကောင်းမှုအစုစုတို့ကို ပဒုံမင်းသည် တိုင်းရင်းသားလူမျိုးစု များနှင့်အတူ မြန်မာသက္ကရာဇ် (၁၁၄၇) ခု၊ တပို့တွဲလပြည့်နေ့ (တနင်္လာနေ့) တွင်ရေစက်သွန်းချ အမှူဝေခဲ့လေသည်။ ထို့ကြောင့် ယင်းတပို့တွဲလပြည့်နေ့ကို မိုးဗြဲမွေတော်ဓာတ်စစ်စေတီတော်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်နေ့အဖြစ် သတ်မှတ်ပြီး ယခုမျက်မှောက် ကာလ ဘိုင်ဘုရားပွဲတော်ကို နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပ ကြပေသည်။

## * စေတီတော်၏ပုံသဏ္ဌာန်နှင့်အရွယ်ပမာဏ *

မိုးဗြဲမွေတော် ဓာတ်စစ်ဘုရားသည် မြတ်ဗုဒ္ဓ၏ သရီရ ဓာတ်တော်များကို ဌာပနာပြီးတည်ထားခြင်းဖြစ်၍ဓာတုစေတီအမျိုး အစားတွင်ပါဝင်သည်။ စေတီတော်သည် လုံးပတ်အားဖြင့် မဖွံ့ဖြိုး သော်လည်းရှည်လျားမြင့်မားသည်။ စေတီတော်၏အရွယ်ပမာဏ နှင့်လိုက်ဖက်အောင် အချိုးအဆစ်ကျကျဖြင့်တည်ဆောက်ထားသော ဘုန်းဘောင်ခေတ် လက်ရာဖြစ်၍ မျက်စိ ပသာဒကျပြီး ကြည်ညို နိုးညွတ်ဘွယ်ကောင်းသောတင့်တယ်သပ္ပာယ်မှုကိုဆောင်လျက်ရှိသည်။

www.dhammaransi.com


စေတီတော်၏အောက်ခြေ အရပ်လေးမျက်နှာတွင်မုခ်လေးမုခ် ဖွင့်ပြီး မုခ်များအတွင်း၌ ဒုတ်အင်္ဂတေဖြင့်တည်ထားသည့် တင်ပြင်ခွေထိုင်ရုပ်ပွားတော်တစ်ဆူစီ ကိန်းဝပ်စပ္ပာယ်လျက်ရှိသည်။ စေတီတော်၏အောက်ပစ္စယံပေါ်၌ ပင်မစေတီလုံးကြီးကို ဝန်းရံထားသော အရံစေတီ (၁၂) ဆူနှင့် အောက်ဖိနပ်ခုံလေးထောင့်ပေါ်၌ အရံစေတီငယ် (၄) ဆူတို့ကိုလည်း တည်ထားခဲ့သည်။ (ထိုအရံ စေတီတော်များသည် ပဒုံမင်းတည်ထားခြင်းမဟုတ်ဘဲနောက်လူတို့ တည်ထားသည့်စေတီများဖြစ်ဟန်တူသည်) ။

ကုန်းဘောင်ခေတ် ပဒုံမင်းနောက်ဆုံး တည်ထားခဲ့သည့် လက်ရှိစေတီတော်၏ အတိုင်းအထွာပမာဏမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | ပေ | လက်မ |
|---|---|---|
| စေတီတော်၏အောက်ခံပလ္လင်အဝန်း ------- | ၂၀၁ | ၄ |
| – အောက်ပစ္စယံအဝန်း ---------------- | ၁၄၉ | ၅ |
| – အထက်ပစ္စယံအဝန်း ---------------- | ၆၈ | ၁၀ |
| – ခေါင်းလောင်းတော်အောက်ခြေထိပ်ဝအဝန်း--- | ၃၂ | ၆ |
| – ခေါင်းလောင်းတော်အမြင့် ------------ | ၉ | ၂ |
| – ဖေါင်းရစ် (ခေါ်) ဖရုံစိပ်အောက်ခြေအဝန်း--- | ၂၁ | ၆ |
| – ဖောင်းရစ်တော် (ဖရုံစိပ်) ပေါင်း (၁၉) ရစ်၏အမြင့် | ၁၈ | ၂ |
| – ဖောင်းရစ်တော်အပေါ်ဆုံးအရစ်၏အဝန်း ---- | ၁၃ | ၆ |
| – ရွှဲလုံးများ၏အဝန်း ---------------- | ၁၁ | ၃ |
| – ကြာမှောက်၊ ကြာလှန်နှင့်ရွှဲလုံးများ၏အမြင့်--- | ၁၀ | ၄ |
| – ငှက်ပျောဖူး (ခေါ်) ခရေစေ့၏အဝန်း ------ | ၁၁ | ၆ |
| – ငှက်ပျောဖူး၏အမြင့် ---------------- | ၆ | ၁၀ |
| – ထီးတော်၏အောက်ခြေထိပ်ဝအဝန်း ------- | ၂၀ | ၄ |

www.dhammaransi.com



| | ပေ | လက်မ |
|---|---|---|
| ထီးတော်၏ဘုံ (၃၅) ဆင့်၏အမြင့် ------- | ၂၀ | ၃ |
| - ဆပ်သွားဖူးအောက်ခြေမှ စိန်ဖူးတော်အထိ(ပန်းဖွား နှင့်ငှက်မြတ်နားနေရာအပါအဝင်) စိန်ဖူးတိုင်အမြင့် | ၉ | ၃ |
| - ငှက်မြတ်နားအကျယ် --------------- | ၁ | ၅ |
| - ငှက်မြတ်နားအရှည် ---------------- | ၂ | - |
| - ငှက်မြတ်နားအလေးချိန်(ဘော်သား)-------- | ၁ပိဿာ၊ ၆ဝကျပ်သား | |
| - စိန်ဖူးတော်လုံးပတ် ----------------- | - | ၇ |
| - စိန်ဖူးတော်အမြင့် ----------------- | - | ၅ |
| - ဆည်းလည်းခွေ ------------------- | ၅ခွေ(ငါးဆင့်) | |
| - ဆည်းလည်းလုံးရေ ----------------- | ၂၁၀ လုံး | |
| - အောက်ခံဆည်းလည်း(သီးခြား) ---------- | ၄ လုံး | |

## * ဘုရားတည်ထားသောမင်းများ၊ ခုနှစ်သက္ကရာဇ်နှင့် စေတီ၏ဉာဏ်တော်အမြင့် *

(က) သီရိဓမ္မာသောကမင်းကြီး

- သာသနာသက္ကရာဇ် ၂၃၅ ခုနှစ်
- ဘီစီ (ခရစ်တော်မပေါ်မီ) ၂၅၃ ခုနှစ်
- ဉာဏ်တော်အမြင့် ၉ မိုက်
- ဌာပနာသည့်ပစ္စည်းများ မြတ်စွာဘုရား၏သရီရဓာတ်တော်အစစ်များ

(ခ) အလောင်းစည်သူမင်းကြီး (ပုဂံခေတ်)

- သာသနာသက္ကရာဇ် ၁၆၅၈ ခုနှစ်
- ကောဇာသက္ကရာဇ် ၄၇၆ ခုနှစ်
- အေဒီ (ခရစ်သက္ကရာဇ်) ၁၁၁၄ ခုနှစ်

www.dhammaransi.com

- ဘုရားတော်အမြင့် ၉ တောင်
- ဌာပနာသည့်ပစ္စည်းများ ရွှေစင်ဆင်းတုတော်တစ်ဆူ ရတနာမျိုးစုံ(၂၆)ပြည့်၊ စိန်၊ နဝရတ်၊ ပတ္တမြား၊ မျက်ရွဲနှင့် ဓာတ်တော်မွေတော်များ။

(ဂ) ပဒုံမင်း (ကုန်းဘောင်ခေတ်)

- သာသနာသက္ကရာဇ် ၂၃၂၉ ခုနှစ်
- ကောဇာသက္ကရာဇ် ၁၁၄၇ ခုနှစ်
- အေဒီ(ခရစ်သက္ကရာဇ်) ၁၇၈၅ ခုနှစ်
- ဘုရားတော်အမြင့် ၇၂ တောင်(၁၀၈)ပေ
- ထပ်မံဌာပနာသည့်ပစ္စည်းများ မှတ်တမ်းများတွင် မတွေ့ရပါ။

**မှတ်ချက်။** ။ မိုးပြဲမွေတော် ဓာတ်စစ်ဘုရားကို ရေးမင်းအဆက်ဆက်က တည်ထားခဲ့သည့် ဘုရားတော် အမြင့်၏ ကိန်းဂဏန်းများသည် တွင်းကျေ၊ နဝင်းကျေသချာများဖြစ်ကြကြောင်းကိုထူးခြားစွာတွေ့ရှိရပါသည်။

www.dhammaransi.com


# အခန်း(၄)

## ဒေသခံပုဂ္ဂိုလ်များတည်ဆောက်ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ခန်း

## လွတ်လပ်ရေးမရမီကိုလိုနီခေတ်ကာလအခြေအနေ

ပဒုံမင်း (ခေါ်)ဘိုးတော်မင်းတရားကြီးမှ မိုးဖြဲမွေတော်ခါတ် စစ်ဘုရားစေတီတော်ကို တည်ထားပြီးသည့်နောက်ပိုင်းတွင် နယ်ရှင်စော်ဘွားများ၊ မြို့စားနယ်စားများနှင့် ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝသည့် ဒေသခံ ကုသိုလ်ရှင်များတို့က အရံစေတီတော်များ၊ ဇရပ်တန်ဆောင်းများနှင့် အရံတံတိုင်းများကို ဆက်လက် တည်ဆောက်လှူဒါန်းခဲ့ကြသည်။

ကုန်းဘောင်ခေတ် ကုန်ဆုံးသည်အထိ နယ်ရှင်စော်ဘွားများကဦးဆောင်၍ သာသနိက အဆောက်အအုံများကို တည်ဆောက်ပြုပြင်လာခဲ့သော်လည်း ကိုလိုနီခေတ် ရောက်လာသောအခါ ဘုရားနှင့်ကျောင်းကန် ဇရပ်များကို ထိန်းသိမ်းစောင့်ရှောက်သည့်သဘောလောက်သာ ပြုပြင်နိုင်ခဲ့ကြသည်။ ထိုကိုလိုနီ ခေတ်ကာလဖြစ်သောမြန်မာသက္ကရာဇ် (၁၂၇၄) ခုနှစ်တွင် ရာသီဥတုဒဏ်ကြောင့် စေတီတော်၏ ထီးတော်သည် ပြိုကျပျက်၍ မြေခခဲ့ရသည်။ ထိုအခါကျောင်းထိုင်ဆရာတော်ဦးမေဓာဝီမှ ဦးစီးပြီးမိုးဖြဲတကာတို့၏စုပေါင်းမှုဖြင့် ရွေးမှုနှင့်ပုံစံတူသော ထီးတော်အသစ်ကို ထပ်မံသွန်းလုပ်ကာမြန်မာသက္ကရာဇ် (၁၂၈၀) ပြည့်နှစ်တွင်ပြန်လည်တင်လှူခဲ့ကြသည်။

ထို (၁၂၈၀) ပြည့်နှစ်တွင် ထပ်မံ တင်လှူခဲ့သောထီးတော်မှာယခုတွေ့မြင်ရသော ထီးတော်ပင်ဖြစ်သည်။ ယင်းထီးတော်သည်သံပိဿာချိန် (၄၀၀) ကို ပိဿာချိန် (၂၀၀) မျှသာ ကျန်ရှိအောင်အထပ်ထပ် အကြိမ်ကြိမ် မီးဝင် သန့်စင်စေပြီးမှ ပန်းပဲဆရာတို့၏လက်စွမ်းဖြင့် ရွေးမှုမပျက်သွန်းလုပ်ထားသည့်ထီးတော်ဖြစ်သည်။

www.dhammaransi.com

ကိုလိုနီခေတ်နှောင်းပိုင်းဖြစ်သော ဒုတိယ ကမ္ဘာစစ်ပြီးကာလနှင့်လွတ်လပ်ရေးရစ ပြည်တွင်းမငြိမ်မသက်ဖြစ်နေသော ကာလတို့တွင် ထိန်းသိမ်း စောင့်ရှောက်မည့်သူပင် မရှိသလောက်ဖြစ်ခဲ့ရ၍ စစ်ဘေးစစ်ဒဏ်ကြောင့် ဘုရားတန်ဆောင်း ကျောင်းကန် ဇရပ်များ အထူးပျက်စီး ယိုယွင်းခဲ့ရသော ကာလကြီးဖြစ်တော့သည်။ ဘုရား၏သမိုင်း နှင့်ပတ်သက်သော ပေစာများ၊ ပရပိုက်များသည်လည်း ယင်းကာလ၌ပင် ပျက်စီးပျောက်ကွယ်သွားခဲ့ရသည်။

## လွတ်လပ်ရေးရပြီး ခေတ်ကာလအခြေအနေ

မြန်မာနိုင်ငံ လွတ်လပ်ရေးရသည့်နှစ် (၁၃၀၉) ခုနှစ်တွင် မိုးဗြဲမွေတော်ဘုရားကျောင်း၊ ကျောင်းထိုင်ဆရာတော်ဦးကုဏ္ဍလက ဦးဆောင်၍ မိုးဗြဲရှိ ဒါယကာ ဒါယိကာမများက စေတီတော်လေး မုခ်လေးတန်ရှိ ဘုရားရုပ်ထုတော်များ၏ မျက်လုံးတော်ကို ဖွင့်ပြီး ရွှေသင်္ကန်းကပ်လှူပူဇော်ခဲ့သည်။ပျက်စီးယိုယွင်းနေသောတန်ဆောင်း ကျောင်းကန်ဇရပ်များကိုလည်း အထိုက်အလျောက်ပြုပြင်မွမ်းမံခဲ့ကြသည်။ ဘုရားကို ထိန်းသိမ်းစောင့်ရှောက်မည့် ဘုရားဂေါပကအဖွဲ့ ဟူ၍မရှိသေးပါ။ ဆရာ/တကာတို့မှ ညှိနှိုင်းတိုင်ပင်ပြီး လိုအပ်လျှင် လိုအပ်သလို ဆောင်ရွက် သွားကြခြင်းသာဖြစ်သည်။ ယင်းသို့ဖြင့် မြန်မာသက္ကရာဇ် (၁၃၁၅) ခုနှစ်တွင် စေတီတော်ကို အပြီးတိုင် ရွှေသင်္ကန်း ကပ်လှူ ပူဇော်နိုင်ပြီး စိန်ဖူးတော်ကိုလည်း အသစ်လဲလှယ် တပ်ဆင်ခဲ့ကြသည်။ ၎င်းနောက် (၁၃၁၉-၂၀) ခုနှစ်များတွင် ငှက်မြတ်နားတော်ကိုလည်း တင်လှူနိုင်ခဲ့သည်။

၁၃၂၅ ခုနှစ်သို့ ရောက်လာသောအခါ မိုးဗြဲ ကျေးရွာဒေသလူနေ အိမ်ခြေ အသင့်အတင့် တိုးတက်လာခဲ့သည်။ စေတီတော် ထိန်းသိမ်းစောင့်ရှောက်မှု ဦးစီးနာယက ဆရာတော်ဦးကုဏ္ဍလသည်

www.dhammaransi.com


လည်း အသက်အရွယ်ထောက်လာ၍ အထူး မလှုပ်ရှားနိုင်တော့ပေ။ ထို့ကြောင့် တိုက်နယ်သူကြီး ( ဟိန် ) ဖြစ်သူ ပဒေါင်အမျိုးသား ဦးဟိန်စာကိုအမှူးထား၍ မိုးဗြဲရှိရပ်ကွက်ပေါင်းစုံမှ လူမျိုးစုပေါင်းစုံ ပါဝင်သော * **မိုးဗြဲမွေတော်ဓာတ်စစ်ဘုရားဂေါပကအဖွဲ့** *တစ်ရပ်ကိုစတင်ဖွဲ့စည်းပြီး ဗုဒ္ဓဝေယျာဝစ္စလုပ်ငန်းကိုပါ ကိုယ့်နည်း ကိုယ့်ဟန်ဖြင့် စုပေါင်းဆောင်ရွက်လာခဲ့ကြသည်။ ဘုရားဂေါပကအဖွဲ့ကို (၃) နှစ်တစ်ကြိမ် ပြန်လည်ရွေးချယ် ဖွဲ့စည်းဆောင်ရွက်သွားခြင်းဖြင့် (၁၃၂၈) ခုနှစ်၌တစ်ကြိမ်၊ (၁၃၄၆) ခုနှစ်တွင်တစ်ကြိမ် စေတီတော်အား ရွှေသင်္ကန်းထပ်မံ ကပ်လှူပူဇော်နိုင်ခဲ့သည်။

ယင်းသို့ဖြင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရကက်လာပြီး ၁၃၅၄ ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၉၉၂ ခုနှစ်ရောက်လာသော အချိန်တွင် နိုင်ငံတော်၏ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊သာသနာရေးဦးစီးဌာနက ထိုမိုးဗြဲမွေတော်ဓာတ်စစ်ဘုရားကို ထင်ရှားကျော်ကြားသော ရှေးဟောင်း သမိုင်းဝင်ဘုရားအဖြစ် အသိအမှတ်ပြုလာခဲ့သည်။ ယင်း ဘုရား ဂေါပကအဖွဲ့ကိုလည်း ထို၁၉၉၂ ခုနှစ်၊ ဇူလိုင်လတွင် မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ မြို့နယ် သာသနာရေး အရာရှိနှင့် မြို့နယ်သံဃနာယကအဖွဲ့တို့မှ ကြီးကြပ်ကွပ်ကဲ ဦးဆောင်ပြီး စနစ်တကျ ပြန်လည်ဖွဲ့စည်းပေးခဲ့သည်။

www.dhammaransi.com

# အခန်း ( ၅ )

## မိုးပြမွေ့တော်ဘုရားကြီး၏ ထူးခြားချက်များ

မြန်မာနိုင်ငံအရပ်ရပ်ရှိ တန်ခိုးကြီး ဘုရားများသည် ထူးခြားသောတန်ခိုးဗျာဒိကာများတနည်းမဟုတ်တနည်းဖြင့် အခါအားလျော်စွာပေါ်လွင် ထင်ရှားတတ်ကြသည့်အတိုင်း မိုးပြမွေ့တော်ခေတ်စင် ဘုရားကြီးသည်လည်း အောက်ပါ ထူးခြားချက်များကို တွေ့ရှိရပါသည်။

### ၁။ စေတီတော်ကို သာသနာစောင့်နတ်များ ရွှေသင်္ကန်း ကပ်လှူထားခြင်း

စေတီတော်၏ ငှက်ပျောဖူးတစ်နေရာတွင် သာသနာစောင့်နတ်များမှ ရွှေသင်္ကန်းကပ်လှူထားသည်ဟုအဆိုရှိသည်။ ၎င်းနေရာသည် ရာဟုထောင့် အရပ်မျက်နှာဘက်၌ရှိပြီး ဧရိယာအားဖြင့် (၉) လက်မပတ်လည်ခန့်ကျယ်သည်။ စေတီတော်အား ရွှေသင်္ကန်း အကြိမ် ကြိမ်ကပ်လှူခဲ့ရာတွင် အချိန်ကာလ ကြာမြင့်လာသောအခါ ရွှေပိန်းများ ကွာကျ ပျက်စီး၍ အရောင်များ ပျက်သွားမြဲဖြစ်သော်လည်း နတ်များ ရွှေချထားသည်ဟုဆိုသည့် နေရာတွင် မည်သည့်အခါမျှ ရွှေရောင်မှေးမှိန်သွားခြင်း မရှိဘဲမူလအတိုင်း ရွှေရောင်တောက်ပနေသည်ကို တွေ့ရှိရပါသည်။

### ၂။ ဘုရားပရဝုဏ်အတွင်း ဘေးရန်အန္တရာယ်မကျရောက်နိုင်ခြင်း

ခေတ်အဆက်ဆက်၌မည်သို့သောကပ်ကြီးများဆိုက်ရောက်စေကာမူ ဘုရားပရဝုဏ်အတွင်း၌ ဘေးရန်အန္တရာယ်မကျရောက်နိုင်ဟု ရှေးလူကြီးသူမတို့ ယုံကြည်ကြသည့်အတိုင်း ထိတ်လန့်ခြောက်ခြားဖွယ်ရာအကြောင်း တစ်စုံတစ်ရာ ပေါ်ပေါက်လာတိုင်း ရှေးလူကြီး

www.dhammaransi.com

များသည် ဘုရားကြီး၏ ပရဝုဏ်အတွင်း ဝင်ရောက် ခိုလှုံနားနေ တတ်ကြသည်။

ဒုတိယကမ္ဘာစစ်အတွင်း အင်္ဂလိပ် မဟာမိတ်တပ်နှင့် ဂျပန်စစ်တပ်တို့က ဘုရားကုန်းပေါ်တွင် တလှည့်စီ တပ်စွဲခဲ့ကြဖူးသည်။ မဟာမိတ်တပ်စွဲထားသော အချိန်တွင် ဂျပန်လေတပ်ကရင်း၊ ဂျပန်တပ်စွဲထားသောအချိန်တွင် မဟာမိတ်လေတပ်ကရင်း၊အပြန်အလှန် အကြိမ်ကြိမ်ဗုံးကြဲတိုက်ခိုက်ခဲ့ကြသော်လည်း ဘုရားပရဝုဏ်အတွင်း ဗုံးဆံ၊ ကျည်ဆံများ ကျရောက် ပေါက်ကွဲခြင်းများ လုံးဝမရှိခဲ့ပါ။ ပရဝုဏ်အနီးအနား၌ ကပ်၍ ကျရောက်လာသော ဗုံးဆံများရှိသော်လည်း ပေါက်ကွဲမှု အလျဉ်းမရှိဘဲ ပကတိအတိုင်းသားရှိနေသည်ကို တွေ့ရှိခဲ့ရသည်။

## ၃။ စေတီပေါ်မှ ထူးဆန်းသည့်ဆည်းလည်းသံ

မိုးဖြဲတွင် အန္တရာယ် တစ်စုံတစ်ရာ ကျရောက် လာနိုင်မည့် အခြေအနေမျိုးရှိပါက စေတီတော်ပေါ်မှတစ်လုံးတည်းသော ဆည်းလည်း (ခေါင်းလောင်း) သည် ထူးခြားအောင်မြင်သော အသံဖြင့် တချွင်ချွင်မြည်လာတတ်သည်။

နေ့ညမဟူ ယင်းကဲ့သို့လေမတိုက်ဘဲတစ်လုံးတည်း ပေါ်လွင်က အသံမြည်လာပါက မိုးဖြဲနှင့်အနီးပတ်ဝန်းကျင်တွင် ထိတ်လန့်ချောက်ခြားဖွယ်ရာ အန္တရာယ် တစ်ခုခုဖြစ်တော့မည်ဟု ရှေးလူကြီးများက မှတ်သားထားကြသည်။ ထို့ကြောင့် ခေတ်ပျက်ကာလကြီးဖြစ်သော ဂျပန်ခေတ်နှင့်လွတ်လပ်ရေးရစပြည်တွင်းစစ်ကာလများ၌ မိုးဖြဲဘုရားကုန်းပေါ်တွင် စခန်းချကြသော တပ်များသည် အဆိုပါဆည်းလည်းသံကို နားစွင့်ကြပြီး ရန်သူများ၏ လှုပ်ရှားဝင်ထွက်မှုများသိရှိကာ ကြိုတင်ပြင်ဆင်နိုင်ကြကြောင်းသိရသည်။

www.dhammaransi.com


ထိုသို့ ထူးခြားသည့် အသံမြည်လာတတ်သော ဆည်းလည်းသည် မလှုပ်မရှားဘဲမြည်ခြင်းဖြစ်၍ များစွာသောဆည်းလည်းများ အနက်မည်သည့်အလုံးဖြစ်သည်ကို မသိနိုင်ကြပါ။

## ၄။ ရောင်ခြည်တော်လွှတ်၍နိမိတ်ပြခြင်း

ရှေးယခင်က ဘုရားရောင်ခြည်တော် လွှတ်လျှင် လွှတ်သည့် အရပ်မျက်နှာရှိ ပြည်ရွာများ မငြိမ်မသက်ဖြစ်တတ်ကြောင်း လူကြီးများအဆိုရှိလေသည်။ လွတ်လပ်ရေးရခါစ ပြည်တွင်း မငြိမ်မသက်ဖြစ်နေသောအချိန်တွင် မိုးဗြဲကျေးရွာသည် စစ်တလင်းနယ် မြေဖြစ်ခဲ့ရသည်။ ထိုခေတ်ကာလ၌ မိုးဗြဲတောင်ဘက်ပိုင်းတွင် ကေအင်န်ဒီအိုတပ်များ ခြေကုပ် နေရာယူထားပြီး မြောက်ပိုင်းတွင် ဖဆပလတပ်ဖွဲ့ဝင်များ စိုးမိုးထားကာ အပြန်အလှန် အကြိမ်ကြိမ်တိုက်ခိုက်ခဲ့ကြရာ၌ ဘုရား ရောင်ခြည်တော်လွှတ်သည့်ဘက်ရှိ တပ်ကအရေးနိမ့်ခဲ့ရသည်သာများကြောင်းလည်း ဒေသခံလူကြီးများ မှတ်သား၍ ပြောစမှတ်ပြု ကြသည်။

## ၅။ လောကီသိပ္ပအစွမ်းပြခြင်း

မိုးဗြဲမွေတော်ဓာတ်စစ်ဘုရားသည် ကုန်းဘောင်ခေတ်၌နောက်ဆုံးတည်ထားကိုးကွယ်ခဲ့သော ဘုရားဖြစ်သည့်အားလျော်စွာ စေတီ၏လေးမုခ်၊ လေးတန်ရှိ ဘုရားရုပ်ပွားတော်များသည် လက်ဖျားတော်အောက်၌ ဆင်ရုပ်ခံထားသည့် ဘီသက္ကဂုရု (ဝါ) ဘေသဇ္ဇဂုရုဘုရားအမျိုးအစားတွင် ပါဝင်သည်။

ထို့ကြောင့် ထိုဘုရား ရုပ်ပွားတော်များ၏ ရှေ့မှောက်တွင် လောကီသိပ္ပနည်းဖြင့် စီမံကြသော အင်းအိုင်ခလုံ့ လက်ဖွဲ့ မန္တာန်များ ဆေးဝါးများနှင့် သိဒ္ဓိ အမျိုးမျိုးတို့ကို နည်းစနစ် မှန်ကန်စွာ

www.dhammaransi.com


စီရင်လျှင် အစွမ်းထက်လှကြောင်းသိရသည်။

## ၆။ မသန့်ပြန့်သည့် ဝတ္ထုပစ္စည်းများကို စေတီတော်ပေါ်၌ အတင်မခံခြင်း

မသန့်ရှင်းသည့်တစ်စုံတစ်ရာသော ဝတ္ထုပစ္စည်းများကို စေတီတော်ပေါ်၌ တင်လှူ၍သော်လည်းကောင်း ဘုရားကြီးကို ကပ်လှူပူဇော်၍သော်လည်းကောင်း ပြုမိလျှင် စေတနာသဒ္ဓါ တရားပါလင့်ကစား ထိုကပ်လှူပူဇော်သည့် ဝတ္ထုပစ္စည်းများ ထူးခြားစွာ ပျောက်ပျက်၍လည်းကောင်း၊ လှူဒါန်းပူဇော်သည့် ပုဂ္ဂိုလ်များတစ်စုံတစ်ရာ ခိုက်၍လည်းကောင်းဖြစ်တတ်သည်။ ပြုမိသော ပုဂ္ဂိုလ်များသည် ဖျနည်းဆုံး မူးဝေခြင်း၊ ကိုယ်လက် ကိုက်ခဲ၍ မအီမသာဖြစ်ခြင်း၊ စိတ်လက် ခြောက်ခြားခြင်းနှင့် အိမ်မက်ဆိုးများ မက်ခြင်းများဖြစ်ပေါ်တတ်သည်။

မြန်မာ သက္ကရာဇ် (၁၃၁၉) ခုနှစ်တွင် ကယားပြည်နယ်မှ နယ်ရှင်စော်ဘွား ( စောဖျာဒူ ) ကြီး တစ်ဦးသည် စေတီတော်၏ ငှက်မြတ်နားတော်ကို သံမဏိ စည်ပိုင်းဖြင့် စံမံစေပြီး တင်လှူခဲ့ရာ မကြာမီ လေကြီး မိုးကြီးကျ၍ မြေခ သွားခဲ့ဖူးသည်။ ထို့နောက် ဒေသခံအများတကာမှ စုပေါင်း၍ ငှက်မြတ်နားတော်ကို ဘော်သားစစ်စစ်ဖြင့် စီမံပြုလုပ်ပြီး ပြန်တင်လှူမှ ယနေ့ထက်တိုင် တည်တံ့ခိုင်မြဲနေတော့သည်။

## ၇။ ဘုရားတွင်မကောင်းမှုဒုစရိုက်ပြုသူများနှင့် ရိုင်းပြစော်ကားသူတို့သည် ကိုယ်ကျိုးယုတ်ပြီး ဘေးတွေ့တတ်ခြင်း

(က) ဂျပန်ခေတ်က ဘုရားကုန်းပေါ်၌ တပ်စွဲထားသော ဂျပန်တပ်ဖွဲ့ဝင်များသည် ဘုရားတန်ဆောင်း ဇရပ်များကို ရိုက်ချိုး၍ ထင်းဆိုက်ခြင်း၊ ပေစာနှင့် ပရပိုက်များကို မီးရှို့၍ မီးလှုံခြင်း၊ ရေနွေးတည်ရာ၌ရေနွေးကရားကို တုတ်ဖြင့်လျှို

ပြီး ဘုရားရုပ်ထုတော်နှစ်ဆူအား တစ်ဘက်တစ်ချက်ထမ်း စေပြီးတည်ခြင်း၊ ဘုန်းကြီးကျောင်းပေါ်၌ စစ်မြင်းများသွင်း လှောင်ထားခြင်းအစရှိသော ပြုမှု ဆောင်ရွက်မှုများကြောင့် ယင်းဂျပန်တပ်ဖွဲ့ဝင်များသည် မကြာမီကာလအတွင်း ရန်သူ များ၏လက်နက်ဖြင့် တစ်ဦးမျှမကျန်မရှုမလှ ပျက်စီးဆုံးရှုံး ခဲ့ဖူးသည်။

ပြည်တွင်း မငြိမ်မသက်ဖြစ်ခဲ့သည့်ကာလ၌ ဘုရားကုန်းပေါ် တွင် တပ်စွဲထားသော တပ်ဖွဲ့တစ်ဖွဲ့သည် (မုန်းတိုင်းတပ်) ဘုရားကုန်းပေါ်၌ သားကြီး ငါးကြီးများ သတ်ဖြတ်ခြင်း၊ ဘုရားပလ္လင်နှင့် ရုပ်ပွားတော်များပေါ်၌ သားစိမ်း ငါးစိမ်း များချိတ်တင်ထားခြင်း၊ အခင်းကြီးအခင်းငယ်များကိုနေရာ မရွေး စည်းမဲ့ကမ်းမဲ့စွန့်ခြင်း အစရှိသော ရိုင်းပြစော်ကားမှု များကြောင့် ထိုတပ်ဖွဲ့ဝင်များသည် မကြာမီရန်သူကို ထွက် တိုက်ရာ၌ ရန်သူ၏လက်ချက်ဖြင့် တစ်ဦးတည်းသာ ထွက် ပြေးလွတ်မြောက်သွားပြီး တပ်ဖွဲ့ဝင်အားလုံး ကျဆုံးပျက်စီး ခဲ့ရဖူးသည်။

ဘုရားနှင့် ဘုရားကျောင်း အသုံးအဆောင် ပစ္စည်းများကို မသမာသည့်နည်းဖြင့် ခိုးဝှက် သိုသိပ်ထားသောသူများ၊ ဘုရားပွဲတော်ကာလအတွင်း ဈေးသည် ကုန်သည်များထံမှ အဖိုးထိုက်တန်သည့် ပစ္စည်း ခိုးယူသူများနှင့် ပွဲလာပရိတ် သတ်များအား ခါးပိုက်နှိုက် လုယက်ကြသောသူများသည် နေ့မကူးမီ ပြန်မိတတ်မြဲဖြစ်သည်။ မကောင်းမှု ဒုစရိုက်ပြု ကြသောသူတို့သည် ဝေးလံရာသို့ မလွတ်မြောက်နိုင်ပဲအနီး ပတ်ဝန်းကျင်၌ မျက်စိလည်ပြီး တဝဲလည်လည် လျှောက် သွားနေရခြင်းဖြင့် အမိခံလိုက်ရသော သာဓကများ များစွာ

www.dhammaransi.com

ရှိခဲ့ဖူးပါသည်။

(ဃ) နှစ်စဉ်ပြုလုပ် ကျင်းပသည့် ဘုရားပွဲတော်ကို ရပ်ရပ်သဲသဲ ဖြစ်အောင်နှင့် ပျက်စီးရာပျက်စီးကြောင်းဖြစ်အောင် တမင်ကြံစည် အားထုတ်သော လူယုတ်မာများ၊ ပွဲတော်အတွင်း သူတပါးအား အသက်အန္တရာယ်ဖြစ်လောက်အောင် ကာယကံမြောက် ဖန်တီး ကျူးလွန်သော ပုဂ္ဂိုလ် အုပ်စုတို့သည် ၎င်းတို့၏အကြံအစည် အထမြောက်မီ အကြံပေါ်တတ်သည်ချည်းဖြစ်သည်။ အကြံမြောက်သွားပါကလည်း ကြံဆောင်သူလူယုတ်မာတို့သည် တချိန်တည်းမှာပင်အဖြစ်ဆိုးများနှင့် ဓာတ်သိမ်းခဲ့ရသော အဖြစ်မျိုးလည်းရှိခဲ့ဖူးသည်။

www.dhammaransi.com

## * ကျမ်း ကိုး စာ ရင်း များ *

၁။ အင်းလေး ရွှေအင်းတိမ် ဘုရားကျောက်စာသမိုင်း။
( မြန်မာ - ၁၁၅၅ ခုနှစ်၌ ကျောက်ထက်အက္ခရာ
တင်သည် )

၂။ မှန်နန်းမဟာရာဇဝင်တော်ကြီး ( ပထမတွဲ )။
( မြန်မာ - ၁၁၉၁ ခုနှစ် )

၃။ နရပတိစည်သူမင်းကြီး ဖောင်စကြာလှည်သောသမိုင်း
( ပရပိုက်စာ )
( မြန်မာသက္ကရာဇ်-၁၂၀၅ ခုနှစ်၊ပြာသိုလပြည့်ကျော်၁၅ရက်
နေ့တွင်ရေးကူးပြီးသည့်ပရပိုက်စာ )
ယင်းပရပိုက်စာကို * **မွေတော်သမိုင်း** * ဟူ၍လည်းဖော်ပြ
ထားသည်။

၄။ နရပတိစည်သူသမိုင်း ( ပရပိုက်စာ )
( မြန်မာ-၁၂၃၈ခုနှစ်၊ဝါခေါင်လပြည့်ကျော်-(၈)ရက်နေ့တွင်
ရေးကူးပြီးသည့်စာမူ )

၅။ မြန်မာ့စွယ်စုံကျမ်းအတွဲ (၁၂) (၁၃) နှင့် (၁၅)

၆။ ဓမ္မာစရိယဦးထွန်းရွှေ၊ သံဃာယနာဖြစ်စဉ်စာအုပ်။
( မြန်မာ - ၁၃၁၆ ခုနှစ် )

၇။ ဦးဖိုးကျား ခေတ်မှီမြန်မာ့ရာဇဝင်အကျဉ်းစာအုပ်။
( မြန်မာ - ၁၂၉၉ ခုနှစ် )

၈။ ဦးဘသန်း ကျောင်းသုံးမြန်မာရာဇဝင်။
( ခရစ် - ၁၉၂၉ ခုနှစ် ) ၁၉၅၁ ခု၊ သတ္တမအကြိမ်
ပုံနှိပ်ခြင်း။

www.dhammaransi.com

၉။ ဓမ္မစရိယဦးဌေးလှိုင်၊ သီဟိုဠ်ခေတ်စံတော်ဝင်အာရိယာများ။
( ခရစ် – ၁၉၈၁ ခုနှစ် )

၁၀။ ရွှေကိုင်းသား ( ဦးသောဘိသ )၊ စစ်ကိုင်းတောင်ရိုးရှိ–
ပတ္တမြားစေတီသမိုင်း။ ( မြန်မာ – ၁၃၂၂ ခုနှစ် )

၁၁။ ဦးတင်ထွေး၊ မြန်မာနိုင်ငံတော်ကိုတည်ထောင်သူ အလောင်း
မင်းတရားဦးအောင်ဇေယျ။ ( ခရစ် – ၁၉၉၂ ခုနှစ် )

၁၂။ ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၆) ရက်နေ့ထုတ်၊ လုပ်သား
ပြည်သူ့နေ့စဉ် သတင်းစာ၊ စာမျက်နှာ (၉) ၌ ဖော်ပြသည့်
ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၏ အမိန့်ကြေငြာစာ
အမှတ် ( ၂ / ၉၂ )။

၁၃။ ဦးခင်မောင်၊ ကျုံးမွေတော်ဘုရားသမိုင်း။
( မြန်မာ – ၁၃၃၃ ခုနှစ် )

၁၄။ ထီးချိုင့်ရွှေဥတ်၊ အာသောကမင်း၏စေတီလှူဆောင်းပါး။
( ၁၉၉၄ ခုနှစ်၊ အောက်တိုဘာလထုတ်မြတ်ပန်းရဂုံစာစောင် )

၁၅။ စောလူ (ဦးစောထွန်း)၊ ပုဂံခေတ်မြန်မာစာ။ ( ပထမတွဲ )

၁၆။ ပဒေါင်လူမျိုးစုတို့၏ * **ယွဲ (ရဝဲ)** * ခေါ်၊ ရိုးရာအကတွင်
သီဆိုသည့်သီချင်းကြီးများ၏ တေးသွားများ။

၁၇။ မိုးဗြဲဒေသရှိ ရှေ့မှီနောက်မှီလူကြီးသူမတို့၏ အဆိုအမိန့်များ။

www.dhammaransi.com

# နှစ်စဉ်ကျင်းပလာခဲ့သော မိုးဗြဲမွေတော်ဓာတ်စစ်ဘုရား၏ ဗုဒ္ဓပူဇနိယပွဲတော်ဖြစ်စဉ်သမိုင်းမှတ်တမ်း

## နိဒါန်း

ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း၌ မှီတင်းနေထိုင်ကြသောဗုဒ္ဓဘာသာဝင်များသည် မိမိတို့အထူးပြု ကိုးကွယ်နေကြသည့် မိမိတို့ရပ်ရွာဒေသရှိ ဘုရားကိုအကြောင်းပြု၍ ထုံးတမ်းစဉ်လာအရ ဗုဒ္ဓပူဇနိယပွဲတော်ကို အခါအားလျော်စွာ ဆင်ယင် ကျင်းပကြလေသည်။

ထိုသို့ ဆင်ယင်ကျင်းပကြရာ၌ မူရင်း ဦးတည်ရည်ရွယ်ချက်များ တူညီမှု ရှိကြမည်ဖြစ်သော်လည်း ဒေသအလိုက် အခြေအနေ အချိန်အခါနှင့် တိုင်းရင်းသား လူမျိုးစုအသီးသီးတို့၏ လူမှု ဓလေ့စရိုက်အမျိုးမျိုးကိုအခြေပြု၍ဆင်ယင်ကျင်းပပုံများမှာ တစ်ကျောင်း တစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းကြမည်သာဖြစ်သည်။

ယင်းသို့တစ်မျိုးတစ်ဘာသာစီ ကျင်းပလာခဲ့ကြသော ဘုရားပွဲတော်များအနက် ရှမ်းပြည် တောင်ပိုင်း ဖယ်ခုံမြို့နယ် မိုးဗြဲဒေသရှိ သမိုင်းဝင် မွေတော်ဓာတ်စစ်ဘုရား၏ ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပလာခဲ့ပုံကို ဗုဒ္ဓဘာသာဝင်များ သိရှိကြရန်နှင့် ခေတ်ရေစီးကြောင်းနှင့်အညီ ဒေသအခြေအနေနှင့် လိုက်လျောညီထွေမည့်နည်းစနစ်ကောင်းများရှိပါက သာသနာတော်၏ အကျိုးကို မျှော်ကိုးပြီး ကူညီ အကြံပြုနိုင်ကြစေရန် ရည်သန်၍ ဤ * **သမိုင်းဝင် မိုးဗြဲမွေတော်ဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပပုံဖြစ်စဉ်သမိုင်း** * ကိုလက်လှမ်းမှီသရွေ့ စုဆောင်းပြီးတင်ပြ မှတ်တမ်းတင်လိုက်ရပါသည်။

www.dhammaransi.com

# မိုးပြမွေတော်ခာတ်စစ်ဘုရားပွဲတော်ကျင်းပပုံ

ဤဘုရားပွဲတော် ဆင်ယင်ကျင်းပပုံ သမိုင်းဖြစ်စဉ်ကို –

ဘုရားပွဲတော်ကို ခေတ်အလိုက် ဦးဆောင် ကျင်းပလာခဲ့သည့် လူတန်းစား အဖွဲ့အစည်းများနှင့် ပွဲတော်၏သွင်ပြင်လက္ခဏာများ။

ဘုရားပွဲတော်ကို စီစဉ်ခင်းကျင်း ဆောင်ရွက်ခဲ့ပုံများ– ဟူ၍ အပိုင်း (၂) ပိုင်း ခွဲခြားဖော်ပြသွားပါမည်။

www.dhammaransi.com

# အပိုင်း ( က )

## ဘုရားပွဲတော်ကို ခေတ်အလိုက်ဦးဆောင်ကျင်းပလာခဲ့သည့် လူတန်းစားအဖွဲ့အစည်းများနှင့် ပွဲတော်၏သွင်ပြင်လက္ခဏာများ

မိုးဖြဲမွေတော်ဓာတ်စစ်ဘုရားကြီး၏ ပွဲတော်ဆင်ယင် ကျင်းပလာခဲ့သည့်သမိုင်းကြောင်းကို လေ့လာကြည့်သောအခါ ခေတ်ကာလအလိုက် အောက်ပါလူတန်းစား အဖွဲ့အစည်းများ ဦးဆောင်ဦးရွက်ပြုလာခဲ့ကြသည်ကို တွေ့ရှိရပါသည်။

### ၁။ ပဒေသရာဇ် ရှမ်းစော်ဘွားများ ဦးဆောင်ကျင်းပလာခဲ့သည့်အပိုင်း

မိုးဖြဲမွေတော် ဓာတ်စစ်ဘုရားကို ကုန်းဘောင်ခေတ် ပဒုံမင်း နောက်ဆုံး တည်ထား အောင်မြင်ပြီးစီးခဲ့သည့် မြန်မာ သက္ကရာဇ် (၁၁၄၇) ခုနှစ်မှစ၍ ဒုတိယ ကမ္ဘာစစ်ပွဲကြီး ဖြစ်ပွားသည့် အချိန်ကာလအထိဖြစ်သည်။ (၎င်းအပိုင်းသည်ရှေးမြန်မာဘုရင်လက်ထက်ကစော်ဘွားများနှင့် ကိုလိုနီခေတ် စော်ဘွားအပါအဝင် မိုးဖြဲနယ်၏ နောက်ဆုံးနယ်ရှင် စော်ဘွားကြီး စဝ်ပညာလက်ထက်ကာလ အထိဖြစ်သည် )။

### ၂။ နယ်မြေခံပဒေါင် (ကယန်း) လူကြီးများဦးဆောင် ကျင်းပလာခဲ့သည့်အပိုင်း

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသည့် အချိန်မှစ၍ ၁၉၆၂ ခု၊ တော်လှန်ရေးကောင်စီ အစိုးရတက်လာသော အချိန်ကာလအထိဖြစ်သည်။

( ၎င်းအပိုင်းသည် နယ်မြေ အကြီးအကဲ ဦးသိုင်းဘဟန်၊ နယ်ရှင်ဦးအိုက်မောင်ဦး၊ တိုက်နယ်သူကြီး ဦးဥတ္တမ၊ ဦးဟိန်ဇော်နှင့် နောက်ဆုံး ဦးဟိန်စာ လက်ထက်အထိဖြစ်သည်)။

www.dhammaransi.com


**မှတ်ချက်** ။ ။ ဦးသိုင်းဘဝန်၊ ဦးအိုက်မောင်ဦးနှင့် ဦးဟိန်စောက်တို့သည် ကယန်း (ပဒေါင်) ခရစ်ယာန်ဘာသာဝင်လူကြီးများဖြစ်ကြပြီး၊ ဦးဟိန်စာသည် ပဒေါင် ဗုဒ္ဓဘာသာဖြစ်သည်။ ဦးဥတ္တမမှာမူ ပအိုဝ့်ဗုဒ္ဓဘာသာဖြစ်သည်။

## ၇။ ဘုရားဂေါပကအဖွဲ့ဝင်လူကြီးများ ဦးဆောင်ကျင်းပလာခဲ့သည့်အပိုင်း

တော်လှန်ရေးကောင်စီအစိုးရ တက်လာသော ၁၉၆၂- ခုနှစ်မှစ၍ ယခုမျက်မှောက် ကာလအထိဖြစ်သောအပိုင်းဖြစ်သည်။

( ဘုရား ဂေါပကအဖွဲ့ကို ဆရာတော်၊ သံဃာတော်တို့အားအမှူးထား၍ မိုးဗြဲမြို့ပေါ်ရှိ ရပ်ကွက် အသီးသီးမှ ဘာသာရေးကိုစိတ်ပါဝင်စားကြသော လူမျိုးစုပေါင်းစုံပါဝင်သည့် ပုဂ္ဂိုလ်များဖြင့် သုံးနှစ်တစ်ကြိမ် ပြန်လည်ဖွဲ့စည်းထားသော အဖွဲ့အစည်းဖြစ်သည်)

## * ပဒေသရာဇ် ရှမ်းစော်ဘွားဦးဆောင် ကျင်းပလာခဲ့သည့်ကာလအပိုင်း *

ပဒေသရာဇ် ရှမ်းစော်ဘွားများဦးဆောင်ခဲ့သောအပိုင်းကို -

(က) မြန်မာဘုရင်များလက်ထက်ကာလနှင့်

(ခ) ကိုလိုနီခေတ် ကာလဟူ၍နှစ်ပိုင်းခွဲခြား ရှုမြင်နိုင်ပါသည်။

## (က) မြန်မာဘုရင်များလက်ထက်ကာလပိုင်း

မြန်မာရှင်ဘုရင်များ လက်ထက်၌ကျင်းပခဲ့သည့်ဘုရားပွဲတော်သည် ဗုဒ္ဓပူဇနိယလုပ်ငန်းကို အဓိကထားပြီး အပြီးပြင်ဆုံး ကျင်းပလာခဲ့သော အပိုင်းဖြစ်သည်။ ဘုရားပွဲတော်ဟု ဆိုလင့်ကစား နယ်မြေ၏ နယ်ပယ် ပွဲတော်ဟူ၍လည်း ခေါ်ဆိုနိုင်လောက်သည်။

အကြောင်း‌သော်ကား -. ပွဲတော်လာ ပရိတ်သတ်များအား ဖျော်ဖြေ

www.dhammaransi.com


ရေးအတွက် ပြဇာတ်၊ ကဇာတ်နှင့် ရုပ်သေးဇာတ်များအပြင် လှေပြိုင်ပွဲ၊ လှည်းပြိုင်ပွဲ၊ ပြေးခုန်ပစ်ပြိုင်ပွဲ၊ နဘန်းလုံးပြိုင်ပွဲ၊ သေနတ်ပစ်ပြိုင်ပွဲ၊ ဒူးလေးပစ်ပြိုင်ပွဲ၊ လုံစွပ်ပစ်ပြိုင်ပွဲ၊ ခါးရေး လုံရေးပြိုင်ပွဲများနှင့် လူမျိုးစုအလိုက် အနုသုခုမ ပညာပြပွဲပြိုင်ပွဲများကိုပါ မြိုင်မြိုင်ဆိုင်ဆိုင် ပြုလုပ်ကျင်းပ ပေးနိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် နယ်မြေဒေသအတွင်းရှိ တိုင်းရင်းသား လူမျိုးစုအသီးသီးတို့သည် မိမိတို့တတ်မြောက်ကျွမ်းကျင်သောပညာရပ်များကိုထိုတစ်နှစ်တစ်ကြိမ်ပြုလုပ်သော မိုးဗြဲဘုရားပွဲတော်ကြီးတွင်ပျော်ပျော်ရွှင်ရွှင်လာရောက် အစွမ်းပြခြင်းဖြင့် ပွဲတော်သည် သိုက်သိုက်မြိုက်မြိုက် စည်ကားခဲ့လေသည်။

## (ခ) ကိုလိုနီခေတ်ကာလပိုင်း

ကိုလိုနီခေတ်တွင် အုပ်စိုးသူအင်္ဂလိပ်အစိုးရက ရှမ်းပြည်နယ်လောင်းကစားမှု ဥပဒေတစ်ရပ် ထုတ်ပြန်ပြဋ္ဌာန်းခဲ့သဖြင့် ရှမ်းပြည်နယ်အရပ်ရပ်တွင် လောင်းကစားပွဲများ ရေပန်းစား ခေတ်စားလာခဲ့ကြသည်။ ထို့ကြောင့် ထိုခေတ်ကာလက မိုးဗြဲ ဘုရားပွဲတော်သည် ဦးတည် ရည်ရွယ်ချက်အားဖြင့် ဗုဒ္ဓပူဇနိယ ပွဲတော်ဖြစ်သော်လည်း ရှမ်းပြည်နယ်၏ အစဉ်အလာအတိုင်း လောင်းကစားဝိုင်းများကိုမြိုင်မြိုင်ဆိုင်ဆိုင် ပြုလုပ်ခဲ့ကြသည်။

လောင်းကစားဝိုင်းများ မပါလျှင် ပွဲတော်၏ အင်္ဂါရပ်များမပြည့်စုံသကဲ့သို့ဖြစ်ခဲ့သည်။ ထို့ကြောင့်ထိုခေတ် ထိုအခါဗုဒ္ဓပူဇနိယလုပ်ငန်းကို ဘာသာရေး ကိုင်းရှိုင်းနေကြသည့် ပုဂ္ဂိုလ်များကသာအထူးပြုဆောင်ရွက်ကြပြီး သာမန်အများစုပွဲလာ ပရိတ်သတ်များမှာကစားဝိုင်းများကိုသာ အာရုံပြုကြသဖြင့် ဗုဒ္ဓပူဇနိယ လုပ်ငန်းကိုလောင်းကစားဝိုင်းက လွှမ်းမိုးပြီး လောင်းကစားပွဲတော် အသွင်မျိုး

www.dhammaransi.com


ဆောင်လျက်ရှိခဲ့သည်။

ဘုရားပွဲတော်ကိုအကြောင်းပြု၍ လောင်းကစားဝိုင်းများအပြင် ပျော်ပွဲရွှင်ပွဲအဖြစ်ပြဇာတ်များ၊ ကဇာတ်များ၊ အငြိမ့်များနှင့်ရုပ်သေးပွဲများကိုလည်း အလျဉ်းသင့်သလိုထည့်သွင်းခဲ့ကြသည်။ သို့ရာတွင် တိုင်းရင်းသားလူမျိုးစုတို့၏ခလေ့ပြပွဲပြိုင်ပွဲများမပြုလုပ်ကြတော့ပါ။

ပွဲတော်၏ ဖျော်ဖြေရေး၊ လုံခြုံရေး၊ ကျန်းမာ သန့်ရှင်းရေးနှင့် အခြားအထွေထွေ ကုန်ကျစရိတ်များကို နယ်ရှင်စော်ဘွားကြီးက ကစားဝိုင်းဒိုင်အုပ်ကြီးထံမှ ရယူပြီးဆောင်ရွက်ပေးခဲ့သည်။ ဒိုင်အုပ်သည် ပွဲတော်အတွက် ကုန်ကျသည့် အထွေထွေ စရိတ်များကို ကျခံပေးရသည့်အပြင် ပွဲတော်၏အခွန်ငွေကိုလည်းနယ်ရှင်စော်ဘွားကြီးအား သီးခြားပေးဆောင်ရလေသည်။

စော်ဘွားကြီးသည် ပွဲတော်၏အခွန်တော်ငွေကို အများဆုံးပေးနိုင်သည့် ဒိုင်အုပ်ကြီးထံ ပွဲခွန်ငွေများရယူသည့်အပြင် ပွဲတော်အတွင်း အရပ်လေးမျက်နှာမှ လာရောက်ရောင်းဝယ်ဖောက်ကားကြသည့်ပွဲဈေးသည်များထံမှလည်း သင့်တော်သည့် ပွဲဈေးကောက်ကိုသတ်မှတ်၍ ကောက်ခံရယူခဲ့သည်။

ပွဲဈေးဆိုင်ခန်းအဆောက်အဦးများကိုမူ ရပ်ခံရွာခံလူထုအချို့က မိမိကိုယ်ပိုင် အသုံးအဆောင်ပစ္စည်းများဖြင့် ကိုယ်တိုင်ဆောက်လုပ်ကြပြီးအခန်းအလိုက် ငှားရမ်းစားကြသည်။

ကိုလိုနီခေတ်၌ ဘုရားပွဲတော်ကျင်းပခြင်းဖြင့် ဘုရားဘဏ္ဍာတော်ငွေ မည်ရွေ့မည်မျှ ရရှိသည်ဟူ၍မရှိခဲ့ပါ။ ဘုရားဘဏ္ဍာဖြင့် ဘုရားတန်ဆောင်းကျောင်းကန်ဇရပ်များ မည်သို့ပြုပြင်ဆောက်လုပ်အကောင်အထည် ဖော်သည်ဟူ၍လည်း မရှိခဲ့ပါ။ ဘုရားကြီးကိုထိန်းသိမ်းစောင့်ရှောက်သော ဘုရားဂေါပက အဖွဲ့ဟူ၍လည်း မရှိသေးသဖြင့် ပွဲတော်ကာလအတွင်း၌ ဘုရားကုန်းပေါ်ရှိ အာရုံခံများ

www.dhammaransi.com

တွင်မွေတော် ကျောင်းထိုင်ဘုန်းတော်ကြီးမှ အလှူခံဌာနများ ဖွင့်ပြီး ဘုရားဖူးများ လာရောက်ထည့်ဝင် လှူဒါန်းကြသော ဝတ္ထုငွေများကို ဘုန်းတော်ကြီးက ရယူ၍ ထိန်းသိမ်းခဲ့သည်။ ကျောင်းကန် ဘုရား ပြုပြင် မွမ်းမံခြင်းလုပ်ငန်းများကိုလည်း ဘုန်းတော်ကြီးမှ လိုအပ်သလို ဆောင်ရွက်ခဲ့သည်သာရှိပါသည်။ ထို့ကြောင့် ဘုရားကျောင်းကန်များ ပြုပြင် မွမ်းမံရန် အထူးလိုအပ်သော အခါမျိုးတွင် ပြင်ပစေတနာရှင် ( အလှူရှင် ) များနှင့် ရပ်ရွာဒေသရှိ ဗုဒ္ဓဘာသာဝင် အများတကာတို့၏ စုပေါင်းမှုဖြင့်သာ အကောင်အထည်ဖော် လေ့ရှိခဲ့ကြသည်။

## (၂) ဒေသခံလူကြီးများဦးဆောင်ကျင်းပသောကာလပိုင်း

၁၉၄၂-၄၃ ခုနှစ်လောက်တွင် မိုးဗြဲနယ်၌ ပဒေသရာဇ် ရှမ်းစော်ဘွားများအုပ်ချုပ်မှုစနစ်ချုပ်ငြိမ်းပြီးဒေသခံ ပဒေါင် လူကြီးများကနယ်မြေကို တာဝန်ယူ ထိန်းသိမ်းစောင့်ရှောက် အုပ်ချုပ်ခဲ့သည်။ ပဒေါင်လူကြီးများ အုပ်စိုးသည်ဟု ဆိုလင့်ကစား ရှမ်းစော်ဘွား၏ အခွင့် အာဏာကို အမွေဆက်ခံပြီး အုပ်ချုပ်ရေး စနစ်များလည်း ပဒေသရာဇ်ပုံစံပင် ကျင့်သုံးခဲ့လေသည်။

ထိုခေတ်ကာလတွင် မိုးဗြဲမွေတော်ဘုရားပွဲတော်ကို စဉ်ဆက်မပြတ်ကျင်းပလာခဲ့သော်လည်း ဘာသာခြားလူကြီးများကြီးစိုးသည့် အချိန်ကာလများတွင် ဗုဒ္ဓပူဇနိယလုပ်ငန်းကိုအုပ်စိုးသူတို့က ကိုယ်တိုင်ကိုယ်ကျပါဝင်ဆောင်ရွက်မှုမပြုပဲ ဒေသခံဗုဒ္ဓဘာသာဝင်လူကြီးများကသာ ဦးဆောင် ပြုလုပ်ခဲ့ကြသည်။ ပွဲတော်အတွင်း လောင်းကစားပွဲများလည်း ယခင်ပဒေသရာဇ်ခေတ်အတိုင်း ပုံစံမပျက်ရှိနေပြီး ပွဲခွန်ပွဲကောက်ငွေများကိုလည်း ပဒေသရာဇ်၏ အမွေကိုဆက်ခံနေကြသော အုပ်စိုးသူတို့ကသာရယူသွားခဲ့ကြသည်။

www.dhammaransi.com



ထိုနည်းတူစွာ ဘုရားပွဲတော် အတွင်း၌ ဘုရားကုန်းပေါ်ရှိ အာရုံခံများတွင် အလှူခံရရှိသော ဝတ္ထုငွေများကို ကျောင်းထိုင်ဆရာတော်ကပင် ပဒေသရာဇ်ခေတ် ဆရာတော်များ၏ ကျင့်စဉ်အတိုင်း ပင်ဆက်လက် သိမ်းဆည်းစီမံခဲ့သည်။

ခြုံငုံ၍ သုံးသပ်လျှင် ထိုခေတ် ကာလ၌ပြုလုပ်သော ဘုရားပွဲတော်၏ အသွင်သဏ္ဌာန်မှာ ပဒေသရာဇ်ခေတ်နှင့် ထူးခြားမှုမရှိသဖြင့်သာသနာရေးအတွက် ပြောင်းလဲတိုးတက်မှု တစ်စုံတစ်ရာမရှိကြောင်း တွေ့ရှိရပါသည်။

## (၃) ဘုရားဂေါပကအဖွဲ့ဝင်လူကြီးများဦးဆောင်ကျင်းပလာသည့် ကာလအပိုင်း

၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီ ပေါ်ပေါက်လာပြီး ထိုတော်လှန်ရေးအစိုးရ လက်ထက်တွင် နယ်မြေဒေသ အလိုက် အုပ်ချုပ်ရေးစနစ်နှင့် အုပ်ချုပ်သူအကြီးအကဲများကို အပြောင်းအလဲ များပြုလုပ်ခဲ့သဖြင့် မိုးဗြဲ/ ဖယ်ခုံဒေသတွင်လည်း အပြောင်းအလဲ များရှိခဲ့သည်။ ရှမ်းပြည်နယ်တွင် အစဉ်အလာ တစ်ရပ်ဖြစ်သော လောင်းကစားဝိုင်းများကိုလည်း အစိုးရက ပိတ်ပင် တားမြစ်လိုက်သည်။ ထို့ကြောင့်ဘုရားပွဲတော်ကျင်းပရေးလုပ်ငန်းအတွက် ရံပုံငွေ တစ်ပြားတစ်ချပ်မျှမရှိသဖြင့် ဘုရားပွဲတော်ကိုဦးစီးဆောင်ရွက်မည့် ရဟန်းရှင် လူပုဂ္ဂိုလ်အဖွဲ့အစည်း တစုံတရာမရှိဘဲဖြစ်ခဲ့ရသည်။

ထိုသို့သော အချိန်တွင် ဘာသာ၊ သာသနာရေးကို စိတ်ပါဝင်စားကြသောရပ်မိရပ်ဖများနှင့် ဘာသာရေးကို ကိုင်းရှိုင်းရှိသေကြသောဒေသခံ ဗုဒ္ဓဘာသာဝင်များတို့က စုပေါင်း ညှိနှိုင်းဆွေးနွေးပြီး မိုးဗြဲမွေတော်ဘုရားကြီးအားထိန်းသိမ်းစောင့်ရှောက်သည့်အဖွဲ့အစည်း

www.dhammaransi.com


တစ်ရပ်ကို ရွေးချယ် ဖွဲ့စည်းခဲ့သဖြင့် ထိုအချိန်မှာပင် * **မိုးဖြိုမွေ့တော်ဓာတ်စစ်စေတီတော်ဘုရားကြီးဂေါပကအဖွဲ့** * ဟူ၍စတင်ပေါ်ပေါက်လာခြင်းဖြစ်သည်။

ဘုရားဂေါပကအဖွဲ့၊ ဖွဲ့စည်းပေါ်ပေါက်လာပြီးနောက်ဘုရားကြီးကို ပြုပြင် မွမ်းမံ စောင့်ရှောက်ရေး လုပ်ငန်းသာမက နှစ်စဉ်ပြုလုပ် ကျင်းပလာခဲ့သော ဘုရားပွဲတော်ကြီးကို နှစ်စဉ်မပြတ်ဆက်လက်ကျင်းပနိုင်ရေးအတွက် ဘုရားဂေါပကအဖွဲ့တွင် တာဝန်ရှိလာသဖြင့်ဘုရားဂေါပကအဖွဲ့သည် ဒေသရှိဆရာတော်သံဃာတော်များ၏ဩဝါဒကိုခံယူပြီး ဗုဒ္ဓဘာသာဝင်လူထုနှင့် ညှိနှိုင်းကာနည်းလမ်းရှာဖွေခဲ့ကြသည်။

ရှေးဦးစွာဘုရားဂေါပကအဖွဲ့သည် ရပ်ခံရွာခံရှိတတ်နိုင်သည့်ပုဂ္ဂိုလ်များထံမှ မေတ္တာရပ်ခံ၍ မတည်ရင်းနှီးငွေများ ရယူခြင်းနှင့်အနီးပတ်ဝန်းကျင်ရှိ ဗုဒ္ဓဘာသာဝင်များထံ ဘုရားပွဲတော်ကျင်းပရေးအတွက်အလှူငွေများ ကောက်ခံခြင်းများ ပြုလုပ်ပြီး အောက်ပါလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့သည်။

(က) ပွဲတွင်း ဈေးဆိုင်ခန်းများကို ပုဂ္ဂလိကဆောက်လုပ် ငှားရမ်းသည့် စနစ်ကိုဖျက်သိမ်း၍ ဘုရားဂေါပကအဖွဲ့မှ ဆောက်လုပ်ပြီးဆိုင်ခန်းငှားရမ်းချထားခြင်း။

(ခ) ယခင် အုပ်စိုးသူများမှ ကောက်ယူခဲ့သော ပွဲဈေးကောက်လုပ်ငန်းကို ဘုရားဂေါပကအဖွဲ့မှ ကောက်ခံရယူခြင်း။

(ဂ) ပွဲတော်သို့ စီးပွားရေးအတွက် ခရီးသည်များနှင့် ကုန်ပစ္စည်းများသယ်ယူပို့ဆောင်ကြသည့်စက်လှေနှင့် မော်တော်ယာဉ်များကို သင့်လျော်သည့်နှုန်းထားဖြင့် သတ်မှတ်၍ အလှူငွေကောက်ခံခြင်း။

(ဃ) ဘုရားကုန်းပေါ်ရှိ အာရုံခံများတွင် [illegible] ကျောင်းထိုင်

www.dhammaransi.com



ဘုန်းတော်ကြီးမှ အလှူခံဌာန ဖွင့်လှစ်၍ အလှူခံသည့်နေရာတွင် ဘုရားဂေါပကအဖွဲ့မှ သံဃာတော်များ၏ အကူအညီဖြင့် ကိုယ်တိုင်အလှူခံရယူခြင်း။

(င) ညစဉ်ဇာတ်ပွဲ၊ အငြိမ့်ပွဲလာရောက်ကြည့်ရှုကြသော ဇာတ်စင်ရှေ့ရှိ ပရိသတ်များထံ အလှူခံခြင်း။

(စ) ပွဲတော်အတွင်း စီးပွားရေးလာရှာကြသော ရုပ်ရှင်၊ ဗွီဒီယို၊ ရုပ်သေးမျက်လှည့်နှင့် ဆပ်ကပ်အစရှိသောအဖွဲ့အစည်းများထံမှနေရာချထားပြီး သင့်လျော်သည့်အလှူငွေများကောက်ခံခြင်း အစရှိသောလုပ်ငန်းရပ်များကို

ပွဲတော်ကျင်းပရေးလုပ်ငန်း၏ အထောက်အကူပြု ကော်မတီများဖွဲ့စည်းပြီး ခွဲဝေ တာဝန်ယူ၍ လုပ်ငန်း အကောင်အထည်ဖော်နိုင်ခဲ့လေသည်။ ပွဲတော်၏ အရပ်ရပ် ဝင်ငွေများကိုလည်း ဘုရားဂေါပကအဖွဲ့မှရယူသည့်အတိုင်း ပွဲတော်၏ အထွေထွေအသုံးစရိတ်များကိုလည်း ဘုရား ဂေါပကအဖွဲ့မှပင် တာဝန်ယူ ကျခံ သုံးစွဲရလေသည်။

ထို့ကြောင့်ဘုရားဂေါပကအဖွဲ့၏သက်တမ်း ငါးနှစ်/ခြောက်နှစ်ကာလအတွင်း၌ ဘုရားဂေါပကအဖွဲ့ဝင်များ အတွေ့အကြုံမရင့်ကျက်သေးခြင်း၊ ပွဲတော်၏ ဝင်ငွေနည်းပြီး ကုန်ကျစရိတ်များခြင်း ပွဲတော် အရှိန်အဟုန်မရရှိသေးခြင်း အစရှိသော အားနည်းချက်များကြောင့် ဘုရားဘဏ္ဍာတော်ငွေ မည်မည်ရရကျန်ရှိခြင်းမရှိခဲ့သေးပါ။ သို့ရာတွင်ခရစ်နှစ် ၁၉၉၆/၉၇ ခုနှစ်အတွင်း၌ ဘုရားဂေါပကအဖွဲ့မှ ဦးဆောင်၍ အဖွဲ့ပိုင် ဘုရား ဘဏ္ဍာတော်အချို့နှင့် ပုဂ္ဂလိက အလှူရှင်များထည့်ဝင် လှူဒါန်းငွေများပေါင်းပြီး စေတီတော်ကြီးအား ရွှေသင်္ကန်းကပ်လှူခြင်း အမှုကိုပြုနိုင်ခဲ့လေသည်။

www.dhammaransi.com



( ဤတွင်ဘုရားဂေါပကအဖွဲ့သက်တမ်း၏ပထမဦးစွာဘုရား ပြုပြင်မွမ်းမံနိုင်ခဲ့သည့် လုပ်ငန်းတစ်ရပ်ဖြစ်လေသည် )။

ဘုရားဂေါပကအဖွဲ့၏ လက်ထက်ဖြစ်သော ၁၉၇၀ ပြည့်နှစ်နောက်ပိုင်းတွင် ဘုရားပွဲတော်ကျင်းပခြင်းလုပ်ငန်းသည်တဖြည်းဖြည်း အရှိန်ရလာခဲ့သည်။ အငြိမ့်၊ ပြဇာတ်၊ စတိတ်ရှိုး၊ ရုပ်ရှင်၊ ဗွီဒီယို၊ ဆက်ကပ်၊ မျက်လှည့်၊ လက်ဝှေ့နှင့်ပန်းရဟတ်အစရှိသော ပျော်ဖြေရေး ပျော်ပွဲရွှင်ပွဲများလည်း စုံလာပါသည်။ ဘုရားကုန်းပေါ်၌လည်း ရိုးရိုး အလှူခံဌာနအပြင် ဗုဒ္ဓဝင်ပြပွဲ၊ ဝင်္ကဘာလှည့်ပွဲနှင့် အသံမစဲပဌာန်းပွဲများပါ ခင်းကျင်းပြီး အလှူငွေများတိုးချဲ့ရှာဖွေလာနိုင်ခဲ့လေသည်။

ဤသို့ဖြင့် ပွဲတော်ကြီး အရှိန်ရလာသည်နှင့်အမျှ အလှူငွေ ( ဘုရားဘဏ္ဍာတော်ငွေ ) များ တိုးတက် များပြားလာပြီး ဘုရားအတွက် ဘက်စုံပြုပြင် မွမ်းမံမှုလုပ်ငန်းကို ပိုမိုဆောင်ရွက်လာနိုင်ခဲ့သည်။ ၁၉၈၅ ခုနှစ်တွင် ဘုရားကြီးအားဒုတိယအကြိမ်ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ခဲ့သည်သာမက အခြားသောသာသနိက အဆောက်အဦးများကိုပါတိုးချဲ့ပြုပြင်ဆောက်လုပ် ဆောင်ရွက်လာနိုင်ခဲ့သည်။

ထို့ကြောင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရ၏ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနမှ မိုးဗြဲမွေတော်ဘုရားကိုနိုင်ငံတော်အတွင်း ထင်ရှား ကျော်ကြားသောဘုရားအဖြစ် ၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅) ရက်နေ့တွင် အမိန့်ကြော်ငြာစာ အမှတ် (၂/၉၂) ဖြင့် ထုတ်ပြန်ပြီး ဘုရားဂေါပကအဖွဲ့အား အသိအမှတ်ပြုခဲ့ပေသည်။

www.dhammaransi.com

# အပိုင်း ( ခ )

## ဘုရားပွဲတော်ကို စိစဉ်ခင်းကျင်း ဆောင်ရွက်လာပုံများ

## ဘုရားပွဲတော်ကျင်းပပြုလုပ်သည့်အခါသမယ

မိုးဗြဲမွေတော်ခာတ်စစ်ဘုရား၏ ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ် တပို့တွဲလပြည့်နေ့တွင် သတ်မှတ်ပါသည်။ ယင်းသို့သတ်မှတ်ခြင်းမှာ ကုန်းဘောင်ခေတ် ဘိုးတော်မင်းတရား နောက်ဆုံး တည်ထား ကိုးကွယ်အောင်မြင်ပြီးစီး၍ ထီးတော်တင်ပြီး ရေစက်သွန်းချအမျှဝေခဲ့သည့် မြန်မာသက္ကရာဇ် ( ၁၁၄၇ ) ခုနှစ်၊ တပို့တွဲလပြည့်နေ့ကို အစွဲပြုပြီး သတ်မှတ်ခဲ့ခြင်းဖြစ်လေသည်။

တပို့တွဲလရာသီသည် မိုးဗြဲဒေသရှိ လူဦးရေအများစုဖြစ်သော တောင်သူ လယ်သမားတို့၏ လယ်ယာနှင့် တောင်ယာ ပဲခင်းများ ရိတ်သိမ်းပြီးစီးသော အားလပ်ချိန်ဖြစ်၍လည်း ရှေးခေတ် အဆက်ဆက်မှ ယခုမျက်မှောက်ကာလတိုင်အောင် ၎င်းနေ့ရက်ကိုပင်အစဉ်တစိုက် ကျင်းပလာခဲ့ခြင်းဖြစ်ပေသည်။

တပို့တွဲ လပြည့်နေ့ဆိုသည်မှာ ပွဲတော်၏ အဓိက ရည်ရွယ်ချက်ဖြစ်သော ဗုဒ္ဓပူဇနိယလုပ်ငန်းကိုစည်စည်ကားကားဖြင့်စုပေါင်း၍မနှစ်တကျ ပြုလုပ် ဆင်ယဲ ကျင်းပသည့် နေ့ရက်သာဖြစ်ပြီး ပွဲတော်ကာလအဖြစ် တပို့တွဲ လဆန်းပိုင်းမှစ၍ လပြည့်ကျော်ရက်များအထိ ဖြစ်သည်။

ရှေးနယ်ရှင် စော်ဘွားများနှင့် ယခင်ဒေသခံ လူကြီးများဦးဆောင် ကျင်းပလာခဲ့သည့် ကာလများ၌ လဆန်း (၁၀) ရက်လောက်မှ လပြည့်ကျော် (၄/၅) ရက်အထိဖြစ်သော အချိန်ကာလအပိုင်းအခြားတွင် ရက်သတ္တတစ်ပတ်မှ (၁၀) ရက်ခန့် အတွင်း

www.dhammaransi.com

ကျင်းပလေ့ရှိပြီး၊ သက္ကရာဇ်၁၃၂၅ ခုနှစ်နောက်ပိုင်း ဘုရားဂေါပက အဖွဲ့မှဦးဆောင် ကျင်းပလာခဲ့သော ကာလများတွင် လဆန်း (၁၂) ရက်နေ့မှ လပြည့်ကျော် (၁) ရက်နေ့အထိမျှသာ ပွဲတော်ရက်များ အဖြစ် သတ်မှတ် ကျင်းပလာခဲ့ခြင်းများပါသည်။

## ဘုရားပွဲတော်ကျင်းပသည့်နေရာ

ဘုရားပွဲတော်ကို ဘုရားကုန်းတော်၏ အရှေ့မြောက်ဘက် ဘီလူးချောင်း၏ လက်ယာဘက် နံဘေးရှိ ကွင်းပြင်ကြီးတွင်ပြုလုပ် ကျင်းပပါသည်။ ပွဲတော်စတင် ကျင်းပလာခဲ့သည့် ရှေးရှေးသော ကာလမှစ၍ မျက်မှောက်ခေတ် ကာလတိုင် ယင်းနေရာ၌ပင် စဉ်ဆက်မပြတ် ကျင်းပလာခဲ့ခြင်းလည်းဖြစ်သည်။

ပဒေသရာဇ်ရှမ်းစော်ဘွားခေတ် နောက်ပိုင်းနယ်ရှင် စော်ဘွားကြီးစဝ်ပညာလက်ထက်တွင် ပွဲကွင်းပြင်နေရာ ရှင်းရှင်းလင်းလင်းရှိစေရေးအတွက် စော်ဘွားကြီးသည် အင်းလေးဒေသမှ မိုးဗြဲသို့ ပြောင်းရွှေ့နေထိုင်လာသော ပုဂ္ဂိုလ်တဦးအား ၎င်းပွဲခင်းနေရာတွင် လယ်ယာစိုက်ပျိုး လုပ်ကိုင်ခွင့်ပြုခဲ့သည်။

ထိုပုဂ္ဂိုလ်သည် ယင်းပွဲခင်းကွင်းပြင်တွင် မိုးရာသီ၌လယ်ယာ စိုက်ပျိုးပြီး ဆောင်းတွင်း၌ ပြုလုပ်သော ဘုရားပွဲတော်အပြီးတွင် အမှိုက်သရိုက်များ ရှင်းလင်း သုတ်သင်ရလေသည်။ ထို့ကြောင့် လယ်ယာလုပ်ကိုင်ခြင်းအတွက် စော်ဘွားကြီးက လယ်လုပ်သူအား လယ်ခွန်မြေခွန်များပေးဆောင်ခြင်းမှ လွတ်ငြိမ်းခွင့်ပြုခဲ့သည်။

လယ်ယာစိုက်ပျိုးရာတွင် ပွဲခင်း၌ ခိုင်မာစွာဆောက်လုပ်ထားသောဇာတ်စင်၊ ပွဲကြည့်သည့် ဇာတ်ရုံ၊ နယ်ရှင်နှင့်မြို့စား၊ နယ်စားများတော်မော့ (စံတဲ) များနှင့် ပွဲသုံးရေတွင်းရေကန်များကိုချန်လပ်

www.dhammaransi.com

ပြီး ၎င်းအဆောက်အဦးများ၏ ဘေးပတ်ပတ်လည် နေရာများတွင် စိုက်ပျိုးရခြင်းဖြစ်သည်။ ပွဲခင်းအတွင်း အခိုင်အမာ တည်ဆောက်ထားသော အထက်ပါ အဆောက်အဦးများသည် တော်လှန်ရေးကောင်စီအစိုးရတက်လာသည့် ၁၉၆၂ ခုနှစ်နောက်ပိုင်းတွင်မှ ဖျက်သိမ်းခဲ့လေသည်။

ပွဲခင်း မြေနေရာတွင် ယနေ့ အချိန်တွင်လည်း မိုးရာသီ၌ လယ်ယာဆက်လက်စိုက်ပျိုးလျက်ရှိသည်။ သို့ရာတွင်ဘုရားပွဲတော်ကို ဘုရားဂေါပကအဖွဲ့မှ ဦးဆောင် ကျင်းပလာသည့် ၁၃၂၅ ခုနှစ်နောက်ပိုင်းတွင် ပွဲခင်းနေရာ၌ လယ်ယာစိုက်ပျိုးခြင်းအတွက် လယ်မြေခွန်များပေးဆောင်ရသဖြင့်ပွဲတော်ကျင်းပပြီး ပွဲခင်းအမှိုက်သရိုက်များ သိမ်းဆည်း ရှင်းလင်းရခြင်းနှင့် ပျက်စီးရသော လယ်ကန်သင်းများ ပြန်လည်တည်ရန်အတွက် ဘုရားဂေါပကအဖွဲ့က လယ်လုပ်သူအားသင့်လျော်သည့် နှုန်းထားဖြင့် လုပ်အားခအဖြစ် နှစ်စဉ်ပေးခဲ့လေသည်။

## ပွဲတော်အတွင်းရှိအဆောက်အဦးများအခြေအနေ

ဘုရားပွဲတော်အတွင်းရှိ အဓိကအဆောက်အဦးများမှာ ဇာတ်စင်နှင့် ဇာတ်ရုံ တော်မှော် (ပွဲကြည့်စံတဲ) များ၊ ဆွမ်းတော်ရုံများ၊ ပွဲခင်းပွဲထိန်းနတ်စင်နှင့် ဈေးဆိုင်ခန်းများဖြစ်ကြသည်။

### (က) ဇာတ်စင်နှင့်ဇာတ်ရုံများ

တော်လှန်ရေးကောင်စီအစိုးရလက်ထက်မတိုင်မီကာလ ပွဲခင်းကွင်းပြင်၏ အလယ်လောက်တွင် ခိုင်မာစွာ ဆောက်လုပ်ထားသော အဆောက်အဦးဖြစ်သည်။ ဇာတ်စင်ကို ဘုရားရှိရာ တောင်ဘက်ကို ကျောပေးပြီး အမိုးအကာဖြင့် နှစ်ရှည်အသုံးပြုနိုင်ရန် ဆောက်လုပ်ထားသည်။ ဇာတ်စင်ရှေ့တွင် ပွဲကြည့် ပရိသတ်များ ဇာတ်ပွဲကြည့်

www.dhammaransi.com

ရန် ဓာတ်ရုံကို ဓာတ်စင်နှင့်တဆက်တည်း ခိုင်မာစွာ ဆောက်လုပ်ထားသည်။ ယင်းဓာတ်ရုံကို အမိုးသာမိုးထားပြီး အကာမရှိပါ။

ယင်းအဆောက်အဦးများကို ယခင်မြို့စား နယ်စားနှင့် နယ်မြေအကြီးအကဲများက မိုးဗြဲနှင့်အနီးပတ်ဝန်းကျင်ရှိ ကျေးရွာ လူထုများထံ သစ်များ၊ ဝါးများ၊ သက်ကယ်များနှင့် လုပ်အားများကို အကူအညီရယူပြီး ဆောက်လုပ်သည်။ ပျက်စီး ယိုယွင်းသောအခါ ထပ်မံကောက်ခံ ပြုပြင်ဆောက်လုပ်ခြင်းဖြင့် ပွဲတော်ကိုကျင်းပလာခဲ့သည်။

ဘုရားဂေါပကအဖွဲ့မှ ပွဲတော်ကို ဦးဆောင် ကျင်းပလာသော အချိန်တွင်ဓာတ်ရုံကို ပွဲခင်းတောင်ဘက်ထိပ်ရှိ ဘီးလူးချောင်းနံဘေးတွင်ပြောင်းရွှေ့ဆောက်လုပ်ခဲ့သည်။ ပထမပိုင်းတွင် ရပ်ရွာလူထု၏ ဝိုင်းဝန်းကူညီမှုဖြင့် တစ်နှစ်တစ်ကြိမ် ပွဲပြီး ပြန်ဖျက်သည့်နည်းဖြင့် ဆောက်လုပ်ခဲ့သော်လည်း နောက်ပိုင်းတွင် ဘုရားဂေါပက အဖွဲ့၏ ပွဲတော် ရံပုံငွေဖြင့် ဆောက်လုပ်ခဲ့သည်။ သို့ရာတွင် ယခင်အတိုင်း တစ်နှစ်တစ်ကြိမ်ပြန်ဆောက်သည့် စနစ်သာကျင့်သုံးလျက်ရှိသည်။

**(ခ) တော်မော့ (ခေါ်) ပွဲကြည့်စံတဲ အဆောက်အဦးများ**

ဓာတ်ရုံရှေ့ပွဲကြည့်ကွင်း၏ မြောက်ဘက်အစွန်၌ ဓာတ်စင်ကို မျက်နှာပြုမှုပြီး၊ သွပ်မိုးပျဉ်ကာ ပျဉ်ခင်းဖြင့် ခိုင်မာစွာဆောက်လုပ်ထားသောနယ်ရှင်၊ မြို့စား၊ မြို့အုပ်နှင့် ဟိန်များ၏မိသားစု၊ ဆွေမျိုးစုတို့ ပွဲကြည့်ရန်စံတဲများဖြစ်သည်။ နယ်ရှင်စော်ဘွားနှင့်မြို့စား နယ်စားများသည် ပွဲတော်ကို ရက်သတ္တတစ်ပါတ်မှ (၁၀)ရက်ခန့် အတွင်း ကျင်းပခဲ့သည့်အတိုင်း မိသားစုပွဲကြည့်ရန်အပြင် မိမိတို့၏ နယ်သူ နယ်သားများနှင့် ထိတွေ့ရန် ပွဲတော်အတွင်း ရက်ရှည်နေထိုင်ရမည်ဖြစ်၍ ယင်းကဲ့သို့ ခိုင်မာစွာ ဆောက်လုပ်ထားခြင်းဖြစ်သည်။

www.dhammaransi.com


ထို့ကြောင့် မင်းဆွေ မင်းမျိုးတို့ သောက်သုံးရန် အတွက် ဘီလူးချောင်းမှရေကို မသုံးဘဲတော်မော့များ၏ အနောက်ဘက်ပွဲခင်း စပ်တွင် ခိုင်ခန့်သောရေတွင်းများတူးဖော်စီမံထားသည်။ ထိုရေတွင်း များသည် ယခုမှပင် ပျက်စီးယိုယွင်းလျက်ရှိသည်။

အဆိုပါ တော်မော့များသည် ၁၉၆၃ ခုနှစ်အထိ နယ်ရှင်၏ တော်မော့ကျမိုင်း (ခေါ်)အိမ်ရှေ့စံ၏တော်မော့၊ မြို့အုပ်၏တော်မော့ နှင့် ကန္ဒရဝတီအမတ်ထောက်ကြီး၏ တော်မော့ဟူ၍ (၄) လုံးကျန် ရှိခဲ့ပါသေးသည်။

ယခုဘုရားဂေါပကအဖွဲ့လက်ထက်တွင်အဆိုပါတော်မော့များ ၏နေရာ၌ပွဲတော်ကျင်းပရေးကော်မတီရုံးနှင့် ပြန်ကြားရေးဌာနဟု တွဲပြီးတဲတစ်လုံးသာဆောက်လုပ် အသုံးပြုလာခဲ့သည်။

(ဂ) ဆွမ်းတော်ရုံများ

ဘုရားပွဲတော်၏လပြည့်နေ့တွင် ဘုရားကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်းနှင့်ဆီမီးများကို စုပေါင်း၍ကပ်လှူပူဇော်နိုင်ရန် ဆွမ်းတော်စာ နှင့်အခြားကပ်လှူ ပူဇော်ဖွယ်ရာ ပစ္စည်းများကို စုစည်းပြင်ဆင်သည့် အဆောက်အဦးများဖြစ်သည်။ မိုးဗြဲကျေးရွာရပ်ကွက်မှ အဓိကဆွမ်း တော်ရုံ တစ်ရုံကို ဆောက်လုပ်ထားပြီး ကျန်ဘေး ပတ်ဝန်းကျင်မှ ရွာလူကြီးများနှင့် သူ့ရွာကိုယ့်ရွာ၊ သူ့အုပ်စုကိုယ့်အုပ်စုဖြင့်ပြင်ဆင် စုစည်း လိုပါကလည်း ဝိုင်းဝန်း ဆောက်လုပ် ဆောင်ရွက်ကြသည့် ဆွမ်းတော်ရုံများလည်းရှိပါသည်။ ဆွမ်းတော်ရုံများကို ပွဲကြည့်ကွင်း နှင့်မလှမ်းမကမ်းအများဝင်ထွက်မြင်သာသည့် နေရာများတွင်ချထား လေ့ရှိပါသည်။

(ဃ) ပွဲထိန်းနတ်စင် (နတ်ကွန်း)

ပွဲခင်း၏ အနောက်ဖက်အစပ်တွင် ပွဲထိန်း နတ်စင်တစ်ခုကို ရှေးခေတ်မှယနေ့ကာလတိုင် နှစ်စဉ်ယာယီဆောက်လုပ်ထားရှိသည်။

www.dhammaransi.com

ဘုရားပွဲတော်၁၈စအဆုံး အေးချမ်းသာယာရေးနှင့်ပွဲလာပရိသတ်များ ဘေးကင်းရန်ကွာ၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ သုခမှု ရရှိစေရေး အတွက် ပွဲတော်ကိုထိန်းသိမ်းစောင့်ရှောက်မည့်နတ်ကို ဘုရားကုန်း ပေါ်မှပင့်ဖိတ်ပြီး ယင်းနတ်စင်တွင် စံမြန်းရန်ဆောက်လုပ်ထားသော နတ်ကွန်းပင်ဖြစ်သည်။

တဖန်ပွဲထိန်းနတ်အား ကူညီစောင့်ရှောက်ရန် နတ်ဆရာတစ် ဦးကို တာဝန်ပေးအပ်ရသည်။ ယင်းနတ်ဆရာကို "နတ်ထိန်း" ဟု လည်းခေါ်သည်။ နတ်ထိန်း၏တာဝန်မှာ ပွဲထိန်းနတ်အားဦးဆောင် ၍ပင့်ဖိတ်ခြင်း၊ ပွဲပြီးလျှင်ပြန်ပို့ခြင်း၊ နတ်တို့၏ ဓလေ့ထုံးတမ်းနှင့် စည်းကမ်း ကာလနားများနှင့်အညီ အစဉ်မပြတ် ပူဇော်ပသ စောင့် ရှောက်ခြင်းအစရှိသော နတ်၏ ဝေယျာဝစ္စများကို ဆောင်ရွက်ပေး နေရခြင်းဖြစ်သည်။

**(င) ပွဲဈေးဆိုင်ခန်းများ**

ပွဲဈေး ဆိုင်ခန်း အဆောက်အဦးများကို ယခင်ကမြို့ခံလူထု အချို့က ကိုယ့်ဆိုင်ခန်း၊ သူ့ဆိုင်ခန်း ဆောက်လုပ်ကြပြီး ပွဲဈေး ရောင်းကြသော ဈေးသည်ကုန်သည်များအား တစ်ခန်းလျှင်မည်ရွေ့ မည်မျှစသည်ဖြင့် ငှားစားရန်ဆောက်လုပ်ထားသောအဆောက်အဦး များဖြစ်သည်။ ပွဲဈေးသည်များသည် ဆိုင်ခန်းခများအပြင် ပွဲတော် လုံခြုံရေးနှင့် သန့်ရှင်းရေးအတွက် နယ်ရှင်မှ သတ်မှတ်ပေးသော ပွဲဈေးကောက်ကိုလည်း ပေးဆောင်ခဲ့ရသည်။

ယခုဘုရားဂေါပကအဖွဲ့လက်ထက်တွင်မူ ဈေးဆိုင်ခန်းများကို ပွဲတော်ကော်မတီမှ အားလုံးတာဝန်ယူဆောက်လုပ်ပြီး ဆိုင်ခန်းခကို သတ်မှတ်၍ ကောက်ခံသွားကြသည်။

www.dhammaransi.com


(စ) အခြားအဆောက်အဦးများ

ရှမ်းပြည်နယ်တွင် ယခင်က ဘုရားပွဲရှိလျှင် ကစားဝိုင်းများ မကင်းကြသည့်အတိုင်း ရှေးပဒေသရာဇ်ခေတ်က မိုးဖြဲဘုရားပွဲတော်သည်လည်း ကစားဝိုင်းများနှစ်စဉ်ရှိခဲ့သည်။ ကစားဝိုင်းရုံအဆောက်အဦးကို ကစားဝိုင်း ဒိုင်အုပ်ကြီးမှပွဲလာ ပရိသတ်များဝါသနာပါရာ ကစားနည်းများကို ကစားနိုင်ရန် ကစားနည်း အမျိုးအစားအလိုက် ခွဲခြားဆောက်လုပ်ပေးခဲ့သည်။

ယခုခေတ်တွင်ထိုအဆောက်အဦးများမရှိတော့ဘဲ လုံခြုံရေးတဲ ကျန်းမာရေးတဲနှင့် ပျော်ပွဲ ရွှင်ပွဲများဖြစ်သော ရုပ်ရှင်၊ ဗွီဒီယို၊ မျက်လှည့်၊ ဆက်ကပ်အစရှိသောယခင်ကမရှိခဲ့သောအဆောက်အဦးရုံများကို လိုအပ်သလို တိုးချဲ့ ဆောက်လုပ်ပေးလေသည်။

## ပွဲတော်အတွက်ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ

နှစ်စဉ် တပို့တွဲလဆန်းသည်နှင့် နယ်ရှင်စော်ဘွားသည် နေ့ကောင်းရက်သာကို ရွေး၍ အခိုင်အမာ ဆောက်လုပ်ထားသော အဆောက်အဦးများမှအပ ကျန်အဆောက်အဦးများ ဆောက်လုပ်ရန် ပန္နက်ရိုက်ပြီး လမ်းများနှင့် အဆောက်အဦးနေရာများကို တိုင်းတာ ဖော်ဆောင်ရသည်။

ပွဲနေရာအနေအထား အဝင်အထွက်ပုံစံမရှေ့ရအောင် ပွဲခင်းနေရာ တိုင်းတာချထားမှုသည် စနစ်ကျပြီးမှန်ကန်မှုရှိစေရန် အထူးလိုအပ်သည်။ ထို့ကြောင့် ကျွမ်းကျင်နားလည်သော ပုဂ္ဂိုလ်များကို ရွေးချယ် တာဝန်ပေး တိုင်းတာ သတ်မှတ်စေပြီးမှ အဆောက်အဦးကြီးငယ်များကို ဆက်လက်ဆောက်လုပ်ကြရသည်။

ယခု ဘုရားဂေါပကအဖွဲ့ လက်ထက်တွင်လည်း အထက်ဖော်ပြပါအစဉ်အလာအတိုင်း နှစ်စဉ်ဆောင်ရွက်ကြသည်။

www.dhammaransi.com

# ပွဲထိန်းနတ်ပင့်ဆောင်ခြင်း

ရှေးယခင်က ပွဲဝင်သည့်နေ့သို့ရောက်သောအခါ ဟိန် (ခေါ်) တိုက်နယ် အုပ်ချုပ်ရေးအရာရှိက ပွဲတော်အတွင်း လုံခြုံရေးနှင့် စီမံခန့်ခွဲရေး အရပ်ရပ်ကို အနီးကပ် ကွပ်ကဲ၍ အဆင်သင့်ဆောင်ရွက်ထားရသည်။ ထိုပွဲဝင်နေ့၏နေစောင်းချိန်သို့ ရောက်လာသောအခါ နတ်ဆရာနှင့် ရပ်မိရပ်ဖများ၊ ကျောင်းတကာ ဘုရားတကာများတို့ ကစုစည်း၍ မိုးဗြဲမွေတော်ဘုရား၏တောင်ဘက်ရှိ နတ်စင်မှနတ်ကို ကန်တော့ပွဲ၊ပန်းပေါက်ပေါက်များဖြင့်ပင့်ဖိတ်ပြီးပွဲခင်းသို့ဝင်ရသည်။

ပွဲထိန်းနတ်ကို မြင်းဖြူဖြင့်ပင့်ပြီး ရွှေထီးမိုးပေးရသည်။ မြင်းဖြူစီးသောနတ်သည် နတ်ဆရာ၏ဦးဆောင်မှုဖြင့် ရှေ့ဆုံးတွင်နေရာယူပြီး ပွဲခင်းအတွင်းသို့စီစဉ်သတ်မှတ်ထားသည့် နတ်လမ်းအတိုင်း ကြွချီရသည်။ နောက်တွင်ရပ်မိရပ်ဖများ လိုက်ကြပြီး နောက်ဆုံး၌ ကာလသား လူငယ် လူရွယ်များသည် အတီးအမှုတ်အကအခုန်များဖြင့်ပျော်ရွှင်စွာ လိုက်ပါသွားကြသည်။ နတ်မြင်းပွဲခင်းထဲသို့ရောက်လာသောအခါ သေနတ်များကိုပစ်ဖောက်၍ ကြိုဆိုရသည်။ ပွဲထိန်းနတ်သည် သတ်မှတ်ထားသည့် နတ်ကွန်း နတ်စင်တွင် ရောက်၍ စနစ်တကျနေရာချထားပြီးနောက် နတ်ပင့်လာသောပရိသတ်များက နတ်ကိုရိုသေစွာကန်တော့ဆုတောင်းကြခြင်းဖြင့် နတ်ပင့်ဆောင်လာသောအမှုကို အဆုံးသတ်ကြသည်။ ယင်းသို့ နတ်ပင့်ဆောင်သောအမှုကိုပြုပြီးမှသာလျှင် ပွဲတော်တွင်း ဇာတ်ပွဲများ၊ အငြိမ့်ပွဲများနှင့် အခြားပျော်ပွဲ ရွှင်ပွဲများကို ပြုလုပ်ကျင်းပနိုင်ကြပါသည်။

**မှတ်ချက်** ။ ။ ပွဲထိန်း နတ်ပင့်ဆောင်ရာ၌ အမျိုးသမီးများ လုံးဝမပါရပါ။ ( သုတေသီများဆင်ခြင် သုံးသပ်ကြရန်ဖြစ်သည် )။ ယခုဘုရားဂေါပကအဖွဲ့ လက်ထက်

www.dhammaransi.com



တွင် ပွဲထိန်း နတ်ပင့်ခြင်းအမှုကို ရှေးမူ အတိုင်း ဆက်လက် လုပ်ဆောင်ကြသည့်အပြင် ဆိုခဲ့သော ပွဲဝင်သည့် နေ့တွင် နတ်မပင့်မီ နေ့လည်ပိုင်း၌ ဆရာတော် သံဃာတော်များကို ပွဲလယ်တွင်ပင့်ပြီး အန္တရာယ်ကင်းသည့် ပရိတ်တရားနာ ကမ္မဝါဒ္ဒသည့်အမှုကိုပါ ပြုလုပ်ကြသည်။

## နယ်ရှင်အကြီးအကဲများ ပွဲဝင်သည့်အခမ်းအနား

ပွဲခင်းတွင် တိုက်နယ်အုပ်ချုပ်ရေးအရာရှိ (ဟိန်) ၏ စီစဉ်မှုဖြင့် နေရာတကျရှိသောအခါ မြို့အုပ်မင်းက တပို့တွဲလဆန်း (၁၃) ရက်နေ့ရောက်တိုင်း ပွဲဝင်လေ့ရှိသည်။ မြို့နယ်အုပ်မင်းကို တိုက်သူကြီး (ဟိန်) နှင့်တကွရပ်မိရပ်ဖများ၊ ကျောင်းတကာ ဘုရားတကာများတို့က ကြိုဆိုသမှုပြုကြသည်။ ၎င်းနောက်လဆန်း (၁၄) ရက်နေ့တွင် နယ်ရှင်စော်ဘွားကြီးမှ အဆောင်အယောင်ဖြင့် မြင်းစီးပြီး ပွဲဝင်သည့် အခမ်းအနားကိုပြုလုပ်ကြသည်။ စော်ဘွားကြီးပွဲဝင်လာသောအခါ ရပ်ခံရွာခံလူကြီးသူမများနှင့်တကွ ပွဲတွင်းရောက်ရှိနေကြသောပရိသတ်များက သေနတ်များပစ်ဖောက်ပြီး အတီးအမှုတ်များဖြင့် သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

မြို့အုပ်ကြီးသည် ပွဲတော်ပြီးဆုံးသည်အထိ ပွဲတွင်း၌စံနေလေ့ရှိပြီး စော်ဘွားကြီးက မူလပြည့်နေ့ အထိသာ စံနေလေ့ရှိသည်။ သို့ရာတွင် အခြေအနေအရ တခါတရံ ပွဲပြီးဆုံးသည် အထိလည်း စံနေတတ်သည်။

ယခုမျက်မှောက်ကာလတွင် လူပုဂ္ဂိုလ်အကြီးအကဲများ ပွဲဝင်သည့်အခမ်းအနားမျိုးမရှိတော့ပါ။

www.dhammaransi.com


# ဘုရားဆွမ်းတော်ကပ်လှူပူဇော်ကြည်ညိုခြင်းလုပ်ငန်း

တပို့တွဲလဆန်း (၁၄) ရက်၊ အဖိတ်နေ့ ရောက်သောအခါ ရပ်ခံရွာခံကျောင်းဦးဘုရားတကာများမှ ဦးဆောင်၍ ( ယခုကာလတွင် ဘုရားဂေါပကအဖွဲ့မှ ဦးဆောင်၍ ) ပွဲခင်း အတွင်းရှိ ဆွမ်းတော်ရုံများတွင် ဆွမ်းတော်စာများ စုဆောင်း ပြင်ဆင်ကြရသည်။ ပွဲတော်အတွင်းရောက်ရှိလာကြသော ရပ်နီးရပ်ဝေးမှ ဗုဒ္ဓဘာသာဝင်များသည်လည်း မိမိတို့စေတနာ သဒ္ဓါတရားအလျောက် တတ်အားသမျှ ဆွမ်းတော်များ၊ ဆွမ်းဆန်စိမ်းများ၊ မုန့်များ၊ ပန်းများ၊ ဖယောင်းတိုင်နှင့် အမွှေးတိုင်များတို့ကို ဝယ်ယူ၍ ဆွမ်းတော်ရုံများတွင် စုစည်းအပ်နှံကြပြီး ကုသိုလ်ပါဝင်ကြလေသည်။

တပို့တွဲလပြည့်နေ့ နံနက် အာရုံတက် (၅) နာရီခန့်လောက်တွင် ဘုရားဂေါပကအဖွဲ့ဝင်များနှင့် ဗုဒ္ဓဘာသာဝင် အကြီးအကဲတို့မှ ဦးဆောင်ပြီး ဘာသာရေးကို ကိုင်းရှိုင်းကြသော ပွဲတော်လာပရိသတ်များသည် ဆွမ်းတော်ရုံမှဘုရားကုန်းတော်ပေါ်သို့ဆွမ်းတော်များသွားရောက်ကပ်လှူပူဇော် ကြည်ညိုရန် အတီးအမှုတ်အကအခုန်များဖြင့် စနစ်တကျတန်းစီပြီး စုပေါင်းချီတက်ကြသည်။

ဘုရားကြီးသို့ရောက်သောအခါ တစ်ဦးချင်းဆွမ်းတော် ကပ်သူကပ်၊ ပန်းလှူသူလှူ၊ ဆီမီး ပူဇော်သူက ပူဇော်ကြပြီး နောက်ဆုံးပရိသတ်အားလုံးစုပေါင်း၍ ဆွမ်းတော်ကြီးကို ညီညီညာညာကပ်လှူခြင်းဖြင့် ပူဇော်ကြည်ညိုခဲ့ကြသည်။

ထို့နောက် ဘုရားအာရုံခံတွင် သံဃာတော်အရှင်သူမြတ်များ ထံငါးပါးသီလကို စုပေါင်းခံယူဆောက်တည်ကြပြီးမိမိတို့ပြုပြုသမျှသော ကုသိုလ်ကောင်းမှုအစုစုတို့ကို ရေစက်သွန်းချအမျှပေးဝေခြင်းဖြင့် ဘုရားပွဲတော်၏ အန္တိမလုပ်ငန်းဖြစ်သော ဗုဒ္ဓပူဇနိယအမှုကို အဆုံးသပ်ကြတော့သည်။

www.dhammaransi.com



## သံဃာတော်များအားဆွမ်းဆန်စိမ်းလောင်းလှူခြင်းလုပ်ငန်း

သံဃာတော်များအား ဆွမ်းဆန်စိမ်း လောင်းလှူခြင်းလုပ်ငန်းကို ယခု ဘုရား ဂေါပကအဖွဲ့ ခေတ်ကာလ ရောက်မှပင် ပြုလုပ်ဆောင်ရွက်ကြသည်။ မိုးဗြဲမြို့ပေါ်နှင့် အနီးပတ်ဝန်းကျင်ရှိကျောင်းများ သံဃာတော်များ အားလုံးကို ပင့်ပြီး တပို့တွဲလပြည့်နေ့၊ နေ့လည် (၁း၀၀) နာရီလောက်တွင် ကျင်းပသည်။

ဗုဒ္ဓဘာသာဝင် အကြီးအကဲများနှင့် ပွဲတွင်း ရောက်ရှိနေကြသောဗုဒ္ဓဘာသာဝင်များ၊ ဈေးသည်ဈေးဝယ်များ၊ ရပ်သူရွာသားများနှင့် မိုးဗြဲမြို့ပေါ်ရှိရပ်ကွက်အသီးသီးမှဘာသာရေးအသင်းအဖွဲ့များတို့က ဘုရားဂေါပကအဖွဲ့မှ သတ်မှတ်ထားသည့် ပွဲတော်အတွင်းရှိလမ်းမများဘေးတွင် လှူဖွယ်ဝတ္ထုများနှင့်အတူ စနစ်တကျတန်းစီပြီး နေရာယူကြသည်။

ပင့်သံဃာတော်များသည် ဘုရားကုန်းပေါ်ရှိ မွေတော်ဘုရားကျောင်းမှ သတ်မှတ်ထားသော အချိန်သို့ရောက်သောအခါ ပွဲခင်းအတွင်းသို့စနစ်တကျ ကြွမြန်းလာပြီး အလှူခံတော်မူကြသည်။

ဆွမ်းဆန်စိမ်းများလောင်းလှူရန် သတ်မှတ်ထားသော ပွဲခင်းလမ်းမကြီးသည် ကျယ်ဝန်းရှည်လျားပြီး လောင်းလှူကြသည့် အလှူရှင်များလည်း ကြိတ်ကြိတ်တိုး စည်ကားလှသဖြင့် အလှူခံသောသံဃာတော်များသည် သပိတ်မဆန့် အိတ်မဆန့်ဖြစ်ကာ ဥပဋ္ဌာကအဖွဲ့မှလှူဘွယ်ဝတ္ထုများကို နောက်မှလိုက်လံ စုစည်းသယ်ဆောင်ရသည်မှာအမောပင်ဖြစ်သည်။ ကြည်ညိုသဒ္ဒါစိတ်ဖြင့် ပီတိဖြစ်နေကြသော အလှူရှင်များတို့၏ မျက်နှာကိုမြင်ရသည်ကိုပင်လျှင် ပွဲတော်ကိုဦးဆောင် ကျင်းပကြသည့် ဘုရားဂေါပက အဖွဲ့ဝင်များသည် အမောပြေပြီး လုပ်ကိုင်ဆောင်ရွက်ရကျိုးနပ်ကြပေတော့သည်။

www.dhammaransi.com


ထို့အပြင် ပစ္စန္တရာဇ်၌ နောင်ဖြစ်လတ္တံ့သော ဗုဒ္ဓဘာသာဝင်များနှင့်ခပ်သိမ်းသော ဝေနေယျသတ္တဝါတို့၏ အကျိုးအလို့ငှာဟူသော ဆန္ဒမွန်ဖြင့် မိုးဗြဲမွေတော်ဘုရားကို တည်ထားကိုးကွယ်တော်မူခဲ့ကြသော ရှေးသာသနာပြု ပုဂ္ဂိုလ်ကျော်များတို့၏ ရည်မှန်းချက်သည်လည်း ယနေ့အချိန်ကာလတွင် ပေါက်မြောက်အောင်မြင်နေကြောင်း ပြန်ပြောင်း သတိရမိသကဲ့သို့ ဆိုခဲ့သောသာသနာပြုမင်းမြတ်များကသာ ယခုနေအခါတွင်တွေ့မြင်နေရပါက မည်မျှ ပီတိသောမနဿ ဖြစ်နေကြမည်ကို မှန်းဆ၍ မရနိုင်လောက်အောင်ပင် ခံစားမိပါတော့သည်။

# နိဂုံး ။

မိုးဗြဲမွေတော်ခေတ်စစ် ဘုရားသမိုင်းနှင့် ပတ်သက်၍ လွန်ခဲ့သည့် ၁၃၅၆ ခု၊ တပို့တွဲလတွင် စာတမ်းလည်းမဟုတ်၊ စာအုပ်လည်းမမည်သည့် သမိုင်း မှတ်တမ်းစာအုပ်ကို ဤသမိုင်းစာအုပ်၏ ရှေ့ပြေးအဖြစ်ထုတ်ပြီးဖယ်ခုံမြို့နယ် (မိုးဗြဲနယ်) တဝိုက်တွင် ဖြန့်ဝေခဲ့ပါသည်။

ယင်းသို့ဖြန့်ဝေရင်း သမိုင်း မှတ်တမ်းပါ အကျိုးအကြောင်း အချက်အလက်များ၏ ပျော့ကွက် ဟာကွက်များနှင့် အခြားလိုအပ်ချက်များအပြင် ဖြည့်စွက်ပြင်ဆင်ချက်များပါ အကြံပြုကူညီပေးကြရန် စာရှုသူများနှင့် ဒေသရှိ သမိုင်း သုတေသီများအား ပန်ကြားမေတ္တာရပ်ခံခဲ့ပါသည်။

ဆိုခဲ့သော ဘုရားသမိုင်းစာတမ်းကို အကြောင်းပြု၍ ပုဂ္ဂိုလ်အချို့၏ဝေဖန် ထောက်ရှုမှု အချို့ရရှိခဲ့သော်လည်း အဓိက လိုအပ်သည့်အကြံကောင်း၊ ဉာဏ်ကောင်းများနှင့် ပြင်ဆင်ဖြည့်စွက်ရမည့် အကြောင်းအချက်များကိုမူ မရရှိဘဲဖြစ်ခဲ့ပါသည်။ ၁၃၅၆ ခုနှစ်က

www.dhammaransi.com

ထုတ်ဝေခဲ့သော ဘုရားသမိုင်းစာ၏ ရည်ရွယ်ချက်မှာ ယင်းသို့သော အကြံကောင်း ဉာဏ်ကောင်းများရယူပြီး * **ဘုရားသမိုင်းစာအုပ်** * အဖြစ်ထုတ်ဝေရန်ဖြစ်သော်လည်း မျှော်လင့်သလိုမဖြစ်လာခဲ့ပါ။

သို့အတွက် စာရေးသူကသာလျှင် နီးစပ်ရာပုဂ္ဂိုလ်အချို့တို့နှင့် ညှိနှိုင်း၍ ပြင်ဆင်သင့်သောအရေးအသား အသုံးအနှုန်းများကို ပြင်ဆင်ပြီး မိမိထပ်မံ လေ့လာ စုဆောင်းရသည့်အကြောင်းအချက်များကိုဖြည့်စွက်ကာ ဤဘုရားသမိုင်းစာအုပ်ကို ရေးသားထုတ်ဝေလိုက်ရခြင်းဖြစ်ပါသည်။

တိကျမှန်ကန်ပြီး၊ ပြီးပြည့်စုံသည့်မိုးဗြဲမွေတော်ဓာတ်စစ်ဘုရားသမိုင်းတစ်စောင်တဖွဲ့ ဆက်လက် ထွက်ပေါ်လာနိုင်စေရေးအတွက် စာရှုသူများနှင့် သမိုင်းသုတေသီများ၊ ဘာသာရေးဆိုင်ရာ သမိုင်းကျွမ်းကျင်နှံ့စပ်သောသူများတို့မှ သာသနာတော်၏အကျိုးကို မျှော်ကိုးပြီး အကြံကောင်း၊ ဉာဏ်ကောင်း၊ နည်းလမ်းကောင်းများပေးကြပါကကျေးဇူးတင်စွာဖြင့် လက်ခံကြိုဆိုမည်ဖြစ်ပါသည်။ ဝေဖန်ထောက်ရှုပြီး အကြံပြုကြပါရန်လည်း အနူးအညွတ် ပန်ကြားအပ်ပါကြောင်း။

**ဦးကျော်ခံ**
**ဘုရားဂေါပကအဖွဲ့ဝင်**
**ဖယ်ခုံမြို့နယ် - မိုးဗြဲ။**

www.dhammaransi.com